# ပရောဖက်ယောသပ်စမစ်၏
# သက်သေခံချက်။

ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ
သူတော်စင်များ အသင်းတော်



# ပရောဖက်
# ယောသပ်စမစ်၏
# သက်သေခံချက်။

ထုတ်ဝေခြင်း။ အမေရိကန်ပြည်ထောင်စု၊
ယူတားပြည်နယ်၊ ဆော့လိတ်စီးတီး မြို့၊
ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သူတော်စင်များ
အသင်းတော်က ထုတ်ဝေသည်။

© မူပိုင်ခွင့်။ မူပိုင်ခွင့်အားလုံးကို ယေရှုခရစ်တော်၏
နောက်ပိုင်းကာလ သူတော်စင်များ အသင်းတော်က
၁၉၉၂ ခုနှစ်တွင် မှတ်ပုံတင်ထားသည်။
ပုံနှိပ်ခြင်း။ အမေရိကန်ပြည်ထောင်စု တွင်ပုံနှိပ်သည်။

The Prophet Joseph Smith's Testimony
in Burmese

32667 256

*အောက်ပါစကားများမှာ ယောသပ်စမစ်ကိုယ်တိုင်ကျယ်ကျယ်ပြန့်ပြန့်အသေးစိတ်ရေးသားပြုစုထားသော သမိုင်းကြောင်းမှကောက်နုတ်ချက်ဖြစ်ပြီး၊ ယေရှုခရစ်တော်၏ နောက်ပိုင်းကာလသူတော်စင်များ အသင်းတော်တည်ထောင်ဖွဲ့စည်းပေါ်ထွန်းလာစေသည့် အရေးကြီးသောအဖြစ်အပျက်အချို့ကို သူကိုယ်တိုင်ရေးသားခဲ့သည့် စကားရပ်များအတိုင်း တင်ပြချက်များဖြစ်ပါသည်။*

ကျွန်တော်ကို ဗာမွန့်ပြည်နယ်၊ ဝင်ဆာခရိုင်၊ ရှရွန်မြို့တွင် ခရစ်နှစ် ၁၈၀၅ ခု၊ ဒီဇင်ဘာလ(၂၃)ရက်နေ့ကဖွားမြင်ခဲ့ပါသည်။ ကျွန်တော့်အသက် ဆယ်နှစ်ခန့်ရှိသောအခါ၊ ကျွန်တော်၏ဖခင် ယောသပ်စမစ်စီနီယာသည် ဗာမွန့်ပြည်နယ်မှထွက်ခွါလာပြီး၊ နယူးယောက်ပြည်နယ်၊ အွန်တာရီအိုခရိုင် (ယခုအခါ-ဝိန်းခရိုင်)ပါမီရာမြို့သို့ပြောင်းရွှေ့ခဲ့ပါသည်။ ပါမီရာမြို့သို့ရောက်ရှိလာပြီးနောက် လေးနှစ်ခန့်ကြာသော အခါ၊ ကျွန်တော်၏ဖခင်သည် ယင်းအွန်တာရီအိုခရိုင်တွင်ပင်ရှိသော မန်ချက်စတာရွာသို့ မိသားစုလိုက် ထပ်မံပြောင်းရွှေ့သွားကြပါသည်။

ကျွန်တော်တို့ မန်ချက်စတာသို့ပြောင်းရွှေ့ပြီးနောက် တစ်နှစ်ကျော်သောအခါ၊ အချိန်တစ်ချိန်တွင် ယင်းဒေသတစ်ဝိုက်၌ ဘာသာရေးနှင့်ပတ်သက်၍ ထူးထူးခြားခြား လှုပ်လှုပ်ရှရှဖြစ်လာပါသည်။ မက်သဒစ်ဂိုဏ်းမှစ၍ လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သော်လည်း၊ မကြာမီတွင် ထိုဒေသတစ်ဝိုက်ရှိ ဘာသာရေးဂိုဏ်းအားလုံးပင် တပြေးညီ တက်တက်ကြွကြွဖြစ်လာပါသည်။ အမှန်တကယ်ပင် ခရိုင်တစ်ခုလုံး ယင်းအဖြစ်အပျက်က ဝါးမျိုသွားပုံရပါသည်။ လူအရေအတွက်အများအပြားပင် ဘာသာရေးဂိုဏ်း အမျိုးမျိုးကို ဆက်သွယ်ဝင်ရောက်ခဲ့ကြပါသည်။ ယင်းအဖြစ် အပျက်ကြောင့် အုတ်အော်သောင်းနင်းဖြစ်ပြီး လူများလည်းစိတ်ဝမ်းကွဲပြားမှုများဖြစ်ပေါ်ခဲ့ကြပါသည်။ တချို့က "ဟော-ဒီမှာ"၊ တချို့ကလည်း "ဟော-ဟိုမှာ" စသဖြင့် ပူညံပူညံဖြစ်လာပါသည်။ တချို့က မက်သဒစ်အသင်းတော်အတွက်၊ တချို့က ပရက်ဘိုင်တရီယန်အသင်းတော်အတွက်နှင့် တချို့က နှစ်ခြင်းအသင်းတော်အတွက်အသီးသီးဆွယ်တရားဟောလျက်ရှိကြပါသည်။

အသင်းတော်များကို အသစ်ဝင်ရောက်သွားကြသူများက အသင်းဝင်စဉ်က တစ်ဦးနှင့်တစ်ဦး ချစ်ခင်မေတ္တာကြီးစွာထား ရှိကြကြောင်းဖော်ပြခဲ့ကြပါသည်။ သက်ဆိုင်ရာ ဘုန်းတော်ကြီးများနှင့် အမှုတော်ဆောင်များကလည်း စိတ်အားထက်သန်မှုကြီးစွာ ပြသခဲ့ကြပါသည်။ လူတိုင်းဘာသာဝင်ဖြစ်လာစေရန်၊ ဤထူးခြားလှသည့်ဘာသာရေးစိတ်ဓါတ်တက်ကြွမှုကို သူတို့က တက်ကြွစွာစတင်ပြီး ဖော်ထုတ်ပေးကြပါသည်။ လူတိုင်းကိုယ်ကြိုက်ရာဂိုဏ်း၊ ကိုယ်နှစ်သက်ရာအသင်းတော်ကိုဝင်ကြပါစေ မိမိတို့ကျေနပ်သည်သာဖြစ်သည်ဟု ယင်းဘုန်းတော်ကြီးများနှင့် အမှုတော်ဆောင်များက ပြောကြပါသည်။ သို့သော်၊ တကယ်တမ်း လူများတစ်ယောက်ပြီးတစ်ယောက်ကိုယ်နှစ်သက်ရာ အသင်းတော်ကို ဝင်ရောက်သွားကြပြီးသောအချိန်တွင်၊ ဘုန်းတော်ကြီးများနှင့် အသင်းဝင်အသစ်တို့၏ မွန်မြတ်ပုံရသော စိတ်ထားကောင်းများသည် အစစ်အမှန်မဟုတ်ဘဲ၊ အတုအယောင်ဟန်ဆောင်မှုသာဖြစ်ကြောင်း ဘွားဘွားကြီးပေါ်ထွက်လာပါတော့သည်။ အဘယ်ကြောင့် ကျွန်တော်ဤကဲ့သို့ပြောရသနည်းဆိုသော်-ကြီးစွာသောရှုပ်ထွေးမှုကြီးပေါ်လာပြီး၊ စိတ်ညစ်စရာများ ဆက်လက်ဖြစ်ပေါ်လာခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဘုန်းတော်ကြီးအချင်းချင်း၊ အသင်းဝင်သစ်အချင်းချင် တစ်ဦးနှင့်တစ်ဦး ပြိုင်ဆိုင်ငြင်းခုံလိုက်ကြပုံမှာ၊ တစ်ယောက်နှင့် တစ်ယောက်စိတ်ထားကောင်းများရှိခဲ့ကြသည်ဆိုသည့်တိုင် အောင်၊ ယင်းစိတ်ထားကောင်းများသည် ခါးသီးစွာစကားများခြင်းနှင့် အယူအဆထင်မြင်ချက်များယှဉ်ပြိုင်ခြင်းတို့အကြား တွင် လုံးဝပျောက်ကွယ်သွားရပါတော့သည်။

ဤအချိန်က ကျွန်တော်သည် အသက် ၁၄နှစ်ကျော်ရှိနေပြီဖြစ်ပါသည်။ ကျွန်တော်၏ဖခင်မိသားစုသည် ပရက်ဘိုင်တရီယန်အသင်း**တော်၏သင်ကြား**ပြသမှုကို စိတ်ဝင်စားခဲ့ယူကြပါသည်။ **အားလုံးပေါင်းလေးယောက်က**အသင်းတော်ကို ဝင်လိုက်ပါ**သည်။ ကျွန်တော်၏**မိခင်လူစီ၊ ကျွန်တော်၏အစ်ကိုဟိုင်ရမ်၊ ညီငယ် ဆယ်မြူရယ်ဟဲရီဆန်နှင့် ကျွန်တော်၏နှမ ဆိုဖရိုနီးယားတို့ဖြစ်ပါသည်။

ဤသို့အဟုန်ပြင်းစွာလှုပ်လှုပ်ရှားရှားဖြစ်နေကြစဉ်အတွင်း၊ ကျွန်တော်၏စိတ်တွင်း၌ လေးနက်စွာတွေးဆပြီး တော်တော်ကြီးမသက်မသာဖြစ်ခဲ့ရပါသည်။ သို့သော်လည်း၊ ကျွန်တော်

အနေဖြင့် အခွင့်အရေးရလျှင်ရသလောက် အသင်းတော်အမျိုးမျိုး၏ ဘာသာရေးအစည်းအဝေးအတော်များများသို့တက်ရောက်ပါသည်။ ကျွန်တော်၏စိတ်ခံစားချက်များသည် နက်နဲပြီး စိတ်ဝါတ်ကျနေသည့်တိုင်၊ ကျွန်တော်သည် ဤအသင်းတော်များအားလုံးနှင့် ကင်းအောင်နေနိုင်ခဲ့ပါသည်။ အချိန်ကြာလာသောအခါ ကျွန်တော်၏စိတ်ထဲတွင် မက်သဒစ်အသင်းတော်ဘက်သို့ အတော်ကလေးစိတ်ယိုင်လာပါသည်။ ဤအသင်းတော်သို့ဝင်လို သောဆန္ဒလည်းအနည်းငယ်ပေါ်လာပါသည်။ သို့သော် အသင်းတော်အမျိုးမျိုးအကြားရှုပ်ထွေးမှုနှင့် ခါးသီးစွာပဋိပက္ခ ဖြစ်မှုများမှာကြီးမားလွန်းသဖြင့်၊ ကျွန်တော်ကဲ့သို့ငယ်ရွယ်သည့် အပြင်၊ လူများ-အခြားလောကရေးရာများနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိ သူတစ်ဦးအနေဖြင့်၊ မည်သူကမှန်ပြီးမည်သူကမှားသည်ကို သေ ချာပေါက် ကောက်ချက်မချနိုင်ဘဲရှိနေပါသည်။

ကျွန်တော်၏စိတ်ထဲတွင် တစ်ခါတစ်ရံ အကြီးအကျယ်စိတ်လှုပ်ရှားမှုဖြစ်ရပါသည်။ စိတ်ထဲတွင် ပြင်းပြသောသိလိုစိတ်နှင့် လှိုင်းထန်မှုများ မရပ်မနားဖြစ်ပေါ်လျက် ရှိပါသည်။

ဤစကားစစ်ဆင်နေမှုများ၊ ထင်မြင်ယူဆချက်အမျိုးမျိုးဖြင့် လှိုင်းထန်နေမှုများအကြားတွင်၊ ကျွန်တော့်ဘာသာကျွန်တော်ဤသို့ပြောမိပါသည်။ "ဘာလုပ်ရပါ့မလဲ။ ဒီအသင်းတော်တွေအားလုံးထဲမှာ ဘယ်သူမှန်ပါလိမ့်။ ဒါမှမဟုတ် သူတို့အားလုံးပဲမှားနေကြသလား။ ဒီအသင်းတော်တွေထဲမှာ တစ်ခုခုမှန်တယ်ဆိုယင်၊ အဲဒီအသင်းတော်ဟာ ဘယ်အသင်းတော်လဲ။ ငါဘယ်လိုလုပ်သိနိုင်ပါ့မလဲ။"

ဤဘာသာရေးတစ်ယူသန်သမားများ၏ အသင်းတော်များ အကြားယှဉ်ပြိုင်မှုကြောင့် ကျွန်တော်အထူးတလည်အခက်အခဲများတွေ့ကြုံနေစဉ်၊ တစ်နေ့သောအခါ၌ ကျွန်တော်သည် ရှင်ယာကုပ်ဩဝါဒ စာအခန်းကြီး(၁) အခန်းငယ်(၅)ကိုဖတ်နေမိပါသည်။ ကျမ်းပိုဒ်တွင်ပြောထားသည်ကား၊ "သင်တို့တွင် တစ်စုံတစ်ယောက်သောသူသည် ပညာကိုလိုလျှင် ထိုသူအားကဲ့ရဲ့ပြစ်တင်ခြင်းကိုပြုတော်မမူဘဲ၊ ခပ်သိမ်းသောသူတို့အားစေတနာနှင့်ပေးသနားတော်မူသော ဘုရားသခင်ထံမှတောင်းစေ။ တောင်းလျှင်ရလိမ့်မည်။"

ကျွန်တော် ယွင်းရောက်နေသော အခြေအနေမျိုးသို့ရောက်ရှိနေသူတစ်ဦး၏စိတ်ထဲသို့ ဤကျမ်းပိုဒ်ထက် ပို၍အင်အားကြီးမားစွာဝင်ရောက်သွားသော စာပိုဒ်မျိုးတစ်ခါမျှမရှိဖူးပါ။ ဤကျမ်းပိုဒ်သည် ကျွန်တော်၏နှလုံးသားခံစားမှုအာရုံထဲသို့ ကြီးစွာသောအင်အားဖြင့် အပြုံအနှံ့ဝင်ရောက်လာဘိသကဲ့သို့ ထင်ရပါသည်။ ဤကျမ်းစာပိုဒ်ကို ကျွန်တော်အထပ်ထပ်အခါခါ တွေးနေမိပါသည်။ ဘုရားသခင်ထံမှအသိဉာဏ်ရရန် လိုအပ်နေသူတစ်ဦးတစ်ယောက်ရှိပါသည်ဟုဆိုလျှင်၊ ထိုသူသည် ကျွန်တော်ပင်ဖြစ်ရမည်ကို ကျွန်တော်သိနေပါသည်။ အဘယ်ကြောင့်ဆိုသော်၊ မည်သို့ လုပ်ဆောင်ရမည်ကို ကျွန်တော်မသိပါ။ ထိုအချိန်က ကျွန်တော့်ထံတွင်ရှိသောအသိဉာဏ်ထက်ပိုသော အသိဉာဏ်ကိုသာမရလျှင်၊ မည်သို့လုပ်ရမည်ကို ကျွန်တော်သိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်၊ အသင်းတော်အမျိုးမျိုးမှ ဘာသာရေး ဆရာများသည် ကျမ်းစာပိုဒ်တစ်ခုတည်းကိုပင် တစ်ယောက်တစ်မျိုးစီခြားနားစွာနားလည်ထားကြသဖြင့်၊ ကျမ်းစာကို ကိုးကားဖတ်ရှုရုံမျှဖြင့် ပြဿနာတစ်ခုကို ပြေလည်စေမည်ဟူသောယုံကြည်ချက်အားလုံးပျက်စီးသွားရပါသည်။

## သူပထမဆုံးအကြိမ်အကြားအမြင်ရခြင်း။

အချိန်ကြာလာသောအခါ၊ ကျွန်တော့်အနေဖြင့်၊ အမှောင်ထုထဲတွင် စိတ်ရှုပ်ထွေးမှုဖြင့်ဆက်လက် နေလျှင်နေ၊ ဤသို့မနေလိုလျှင် ရှင်ယာကုပ်ညွှန်ကြားသည့်အတိုင်း ဘုရားသခင်ထံတွင်တောင်းခံရမည်ဟု ကျွန်တော်ကောက်ချက်ချလိုက်ပါသည်။ နောက်ဆုံးတွင် ဘုရားသခင်ထံတောင်းခံရန် ကျွန်တော်ဆုံးဖြတ်ချက်ခိုင်မာစွာချလိုက်ပါသည်။ ဘုရားသခင်ကအသိဉာဏ်လိုအပ်နေသူတို့အား အသိဉာဏ်ပေးမည်။ ထို့အပြင်စေတနာသန့်သန့်နှင့်ပေးမည်ဖြစ်ပြီး ကဲ့ရဲ့ပြစ်တင်ခြင်းမပြုဟုဆိုလျှင်၊ ကျွန်တော်တောင်းခံနိုင်မည်ဟု နိဂုံးချုပ်ကောက်ချက်ချမိခြင်းဖြစ်ပါသည်။


ထို့ကြောင့်၊ ဘုရားသခင်ထံတောင်းခံရန် ကျွန်တော်ဤသို့သံန္နိဋ္ဌာန်ချထားသည့်အတိုင်း၊ ကျွန်တော်ဆုတောင်းရန် တစ်ယောက်ထည်းတောအုပ်ထဲသို့ဝင်သွားပါသည်။ အချိန်သည်

"ဘုရားသခင်ထံတောင်းခံရန် ဤသို့

သံန္နိဋ္ဌာန်ချထားခြင်းနှင့်အညီ၊ ကျွန်တော်

ဆုတောင်းရန် တစ်ယောက်ထည်းတောထဲသို့


ဝင်သွားပါသည်။"



“အလင်းတန်းတစ်ခု ကျွန်တော့်

ခေါင်းပေါ်သို့ တည့်တည့်ကြီးထိုးဆင်းလာသည်ကို

ကျွန်တော်တွေ့ရပါသည်။”



ကား ၁၇၂၀ ပြည့်နှစ် နွေဦးအစ လုပကြည်လင်သောနံနက်ခင်းတစ်ခုဖြစ်ပါသည်။ ကျွန်တော်အမျိုးမျိုးစိုးရိမ်ပူပန်နေလင့်ကစား၊ ထိုအချိန်အထိ ကျွန်တော်တစ်ခါမျှနှုတ်မှဖွင့်ဟဆုတောင်းခြင်းမပြုဖူးသေးသဖြင့်၊ ယျွတစ်ကြိမ်သည် ကျွန်တော်၏ဘဝတစ်သက်တာတွင် ပထမဆုံးအကြိမ်ယင်းကဲ့သို့ကြိုးပမ်းဖူးခြင်းဖြစ်ပါသည်။

ပူလကတည်းက ကျွန်တော်သွားမည်ဟု ကြံစည်ထားသောနေရာသို့ရောက်သောအခါ၊ ကျွန်တော်၏ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုရာ၌ ကျွန်တော်တစ်ယောက်ထည်းရှိကြောင်းတွေ့ရပြီးနောက်၊ ကျွန်တော်ဒူးထောက်ကာ၊ ကျွန်တော်၏ရင်ထဲတွင်ရှိသည့် ဆန္ဒများကို ဘုရားသခင်ထံစတင်တောင်းခံပါသည်။ ဆုတောင်းခြင်းကို ကျွန်တော်မစရသေးမီ၊ စွမ်းအားတစ်ခုသည်ချက်ချင်းပင် ကျွန်တော့်ကိုယ်ခန္ဓာပေါ်လုံးဝလွှမ်းခြုံရစ်ပတ်လိုက်သည် ကို ကျွန်တော်ခံစားရပါသည်။ ယင်းစွမ်းအားသည်ကျွန်တော့် အပေါ် အံ့အားသင့်စရာကောင်းလောက်အောင်လွှမ်းမိုးထားသည်မှာ၊ ကျွန်တော်၏လျှာကိုပင်ချုပ်နှောင်ထားကာ စကားမပြောနိုင်အောင်ဖြစ်သွားစေပါသည်။ ကျွန်တော်၏ပတ်လည်တွင် မှောင်အတိကျသွားပါသည်။ တစ်ချိန်တွင်၊ ကျွန်တော်သည် ရုတ်တရက်ချေမှုန်းဖျက်ဆီးခံရတော့မည်ကဲ့သို့ခံစားလိုက်ရပါသည်။

သို့သော်၊ ကျွန်တော်စိတ်ပျက်လက်လျှော့ရလုနီးနီးဖြစ်သွားသည့်အခိုက်အ တန့်ကလေးတွင်၊ ကျွန်တော့်ကို ဖမ်းချုပ်ထားသည့် ဤရန်သူစွမ်းအားတစ်ရပ်၏အောက်မှကယ်တင်ပါရန်ကျွန်တော့်တွင်ရှိသမျှစွမ်းအားအကုန်ဖျစ်ညှစ်သွန်ထုတ်ပြီးဘုရားသခင်ထံဆုတောင်းမိပါသည်။ ဤစွမ်းအားသည် ကျွန်တော်စိတ်ကူးယဉ်ဖော်ထုတ်ထားသောအရာမဟုတ်ဘဲ၊ မမြင်ရသည့်လောကတစ်ခုမှ အမှန်တကယ်တည်ရှိသောအရာတစ်ခုခု၏စွမ်းအားဖြစ်ပါသည်။ ကျွန်တော်တွေ့ကြုံဖူးသမျှထဲတွင် မည်သည့်ပုဂ္ဂိုလ်မျိုးတွင်မှမရှိသော ထူးဆန်းအံ့ဩဖွယ်ကောင်းသည့်စွမ်းအားမျိုး ဤပုဂ္ဂိုလ်တွင်ရှိနေပါသည်။ ဤသို့ အကြီးအကျယ်အထိတ်တလန့်ဖြစ်ရသည့်အခါသမယအခိုက်အတန့်တွင်၊ နေ၏အလင်းရောင် ထက်ပိုမိုတောက်ပသောအလင်းတန်းတစ်ခုသည် ကျွန်တော်၏ခေါင်းပေါ်သို့ တည့်တည့်ကြီးထိုးဆင်းလာသည်ကို ကျွန်တော်တွေ့ရပါသည်။ အလင်းတန်းသည် ကျွန်

တော့်ကိုထိမိသည်အထိတဖြည်းဖြည်းဆင်းလာပါသည်။

ယင်းအလင်းတန်းပေါ်လာလျှင်ပေါ်လာချင်း၊ ကျွန်တော်သည် ချုပ်နှောင်ထားသော ရန်သူ၏လက်မှလွတ်မြောက်သွားသည်ကိုတွေ့ရပါသည်။ ကျွန်တော်၏ကိုယ်ခန္ဓာပေါ်သို့ ယင်းအလင်းတန်းကျရောက်လာသည့်အခါ၊ ဖော်ပြခြင်းမပြုနိုင်လောက်အောင်တောက်ပပြီး ကြီးမြတ်တော်မူသော အသွင်မျိုးရှိသည့်ပုဂ္ဂိုလ်နှစ်ပါး ကျွန်တော်အထက်ရှိလေထဲတွင်ရပ်လျက်ရှိကြောင်းတွေ့ရပါသည်။ ၎င်းပုဂ္ဂိုလ်နှစ်ပါးအနက်တစ်ပါးက ကျွန်တော့်အမည်ကိုခေါ်လျက်အခြား ပုဂ္ဂိုလ်တစ်ပါးအား လက်ညှိုးထိုးကာ ဤသို့မိန့်ကြားပါသည်။ "၎င်းသူကား၊ ငါ၏ချစ်သားပေတည်း။ သူ၏စကားကိုနားထောင်လော့။"

ဘုရားသခင်ထံ စုံစမ်းမေးမြန်းရန်သွားရသော ကျွန်တော်၏ရည်ရွယ်ချက်မှာ၊ မည်သည့်အသင်းတော်က မှန်ကန်ကြောင်း၊ ကျွန်တော်မည်သည့်အသင်းတော်သို့ဝင်ရမည်ကိုသိရှိအောင် ဘုရားသခင်ကိုမေးမြန်းရန်ဖြစ်ပါသည်။ ထို့ကြောင့်၊ ကျွန်တော်စကားပြောနိုင်လောက်အောင် မိမိကိုယ်မိမိဟန်နိုင်သွားသည်နှင့်တစ်ပြိုင်နက်တည်း၊ မည်သည့်အသင်းတော်သည် အမှန်အကန်ဖြစ်ကြောင်းနှင့် ကျွန်တော်မည်သည့်အသင်းတော်သို့ဝင်သင့်ကြောင်း၊ ကျွန်တော်၏အထက်ရှိအလင်းရောင်ထဲတွင် ရပ်လျက်ရှိနေသောပုဂ္ဂိုလ်နှစ်ပါးကို ကျွန်တော်မေးမြန်းလိုက်ပါသည်။

ယင်းအသင်းတော်အားလုံးသည် မှားယွင်းနေသဖြင့်၊ ကျွန်တော်သည်မည်သည့်အသင်းတော်ကိုမျှ မဝင်ရဟုမြွက်ကြားတော်မူသည်။ သူတို့အသင်းတော်၏ယုံကြည်ချက်အားလုံးသည် မိမိ၏အမြင်တွင် ရွံရှာဖွယ်ဖြစ်ကြောင်း၊ ဟောပြောသောဆရာအားလုံးတို့သည် ရိုးသားမှုမရှိ၊ အကျင့်ပျက်နေကြကြောင်း၊ သူတို့သည် မိမိနှင့်နှုတ်ဖျားအနေဖြင့်နီးကပ်သော်လည်း သူတို့၏နှလုံးသားများမှာမူ မိမိနှင့်ဝေးကွာကြောင်း၊ သူတို့သည် လူသားများ၏ အယူဝါဒများနှင့်သဘောတရားများအတွက်သာသင်ကြားပေးနေခြင်းဖြစ်ကြောင်းနှင့် သူတို့သည်ဘုရားနှင့်ပတ်သက်နေသည့်အသွင်ကို ဆောင်ယူထားကြသော်လည်း၊ မိမိ၏ ဩဇာအာဏာကိုမူ သူတို့ကငြင်းပယ်ထားကြကြောင်း၊ ကျွန်တော်အားစကားပြောနေ သည့်ပုဂ္ဂိုလ်ကမိန့်ကြားပါသည်။

ကိုယ်တော်က မည်သည့်အသင်းတော်ကိုမျှမဝင်ရန် ကျွန်တော်ကိုထပ်မံတားမြစ်ပြန်ပါသည်။ ကျွန်တော်ယခုအခါရေးသားခြင်းမပြုနိုင်သောအခြားအရာ အတော်များများကိုလည်း ပြောကြားတော်မူပါသေးသည်။ ကျွန်တော်ပြန်လည်သတိထားမိလာသည့်အခါတွင်၊ ကျွန်တော်သည် ကောင်းကင်သို့မော့လျက်သား၊ ပက်လက်လဲနေသည်ကိုတွေ့ရပါသည်။

ဤသို့ ကျွန်တော်အကြားအမြင်ရပြီး နောက်ရက်အနည်းငယ်အကြာတွင်၊ စောစောပိုင်းက ကျွန်တော်ဖော်ပြခဲ့သည့် ဘာသာရေးတက်ကြွလှုပ်ရှားမှုတွင် အထူးတက်တက်ကြွကြွရှိသည့် မက်သဒစ်ဂိုဏ်းဝင်တရားဟောဆရာတစ်ယောက်နှင့် ကျွန်တော်တွေ့ဆုံမိကြပါသည်။ သူနှင့်ဘာသာရေးအကြောင်းဆွေးနွေးယင်း၊ ကျွန်တော်မြင်တွေ့ကြားသိခဲ့သောအဖြစ် အပျက်ကို သူ့အားကျွန်တော်ပြောပြလိုက်မိပါသည်။ သူ၏အမူအရာကြောင့် ကျွန်တော်အကြီးအကျယ်အံ့အားသင့်ရပါသည်။ သူသည် ကျွန်တော်၏စကားကို ပေါ့ပေါ့ဆဆသဘောထားရုံမျှမကဘဲ ကျွန်တော့်ကို အထင်အမြင်သေးစွာဖြင့်၊ ယင်းအဖြစ်အပျက်များမှာ အားလုံးမကောင်းဆိုးဝါးနှင့်သာပတ်သက်ကြောင်း ယခုခေတ်တွင် အကြားအမြင်ရခြင်း၊ ဗျာဒိတ်ပေးခြင်းကဲ့သို့သောအရာများ မရှိတော့ကြောင်း၊ ဤကဲ့သို့အရာမျိုးသည် ယေရှု၏တပည့် တမန်တော်များတွင် အဆုံးသတ်သွားပြီဖြစ်ကြောင်းနှင့် ဤအရာမျိုး ရှိတော့မည်မဟုတ်ကြောင်း သူကပြောကြားပါသည်။

သို့သော်၊ ကျွန်တော်၏အဖြစ်အပျက်ကိုပြောပြခြင်းကြောင့်၊ ဘာသာရေးဆိုင်ရာ ဆရာကြီးများက ကျွန်တော့်ကို ရန်လို မုန်းတီးမှုအကြီးအကျယ်ဖြစ်ပေါ်နေသည်ကိုမူ ကျွန်တော်မကြာမီတွေ့ရှိလာရပါသည်။ ဤပြောပြမှုကြောင့် ကျွန်တော့်ကို အကြီးအကျယ်အနှောက်အယှက်ပေးစရာဖြစ်လာပါသည်။ ဤကဲ့သို့ ဝိုင်းဝန်း ပြီးစိတ်အနှောက်အယှက်ဖြစ်အောင်ပြုလုပ်ပြောဆိုခြင်းများမှာ ဆက်လက်တိုးပွားရှိသလာပါသည်။ ကျွန်တော်သည် အသက် ၁၄နှစ်နှင့်၁၅နှစ်ကြားမျှသာရှိသော အညတရလူငယ်တစ်ဦးသာဖြစ်ပြီး၊ ကျွန်တော်၏ဘဝအခြေအနေမှာ ကမ္ဘာပေါ်တွင်ဘာမျှအ ရေးမပါသည့်အညတရ ယောကျာ်းလေးတစ်ယောက်မျှသာဖြစ်ပါသည်။ သို့တိုင်အောင်၊ ရာထူးအဆင့်အတန်းမြင့်သော ပုဂ္ဂိုလ်ကြီးများသည် ကျွန်တော်ကို

လူအများက မုန်းတီးလာအောင် ဂရုတစိုက်အရေးထားပြီး လှုံ့ဆော်ကြပါသည်။ ကျွန်တော်ကို လူအများက ခါးသီးစွာဆက်ဆံလာအောင် သူတို့က ဖန်တီးကြပါသည်။ ဤကဲ့သို့ လုပ်ဆောင်လာသူမှာ အသင်းတော်အားလုံးပင်ဖြစ်ကြပါသည်။ အသင်းတော်အားလုံး ပေါင်းစည်းညီညွတ်စွာဖြင့် ကျွန်တော့်ကို စိတ်အနှောက်အယှက်ဖြစ်အောင် ဝိုင်းဝန်းလုပ်ဆောင်ကြပါတော့သည်။

သို့ဖြစ်၍၊ ထိုအချိန်ကရော၊ ယ္ခုအချိန်အထိပါ ကျွန်တော်မကြာခဏတွေးမိသည့်အချက်တစ်ခုရှိပါသည်။ နေ့စဉ်အလုပ်လုပ်ပြီး နေ့ဖို့ညစာလုံလောက်ရုံမျှသာ ရနိုင်မည်ဖြစ်သော အသက်၁၄နှစ်ကျော်သာရှိသည့် မထင်မရှားယောကျ်ားကလေးတစ်ယောက်သည်၊ ထိုခေတ်ထိုအချိန်က လူကြိုက်အများဆုံးဖြစ်သော အသင်းတော်ကြီးများမှ ပုဂ္ဂိုလ်ကြီးများကပင် အထူးအရေးစိုက်ရလောက်အောင် အရေးပါသူဖြစ်သည်ဟု အထင်ခံရခြင်းမှာ ထူးဆန်းလှပေသည်ဟု ကျွန်တော်မကြာခဏ တွေးမိပါသည်။ ထို့အပြင်၊ သူတို့အနေဖြင့် ကျွန်တော့်ကို အထူးစိတ်အနှောက် အယှက်ဖြစ်အောင်ပြောဆိုလုပ်ကိုင်လိုပြီး၊ မတရားပြောလို သောစိတ်ဓါတ်ပေါ်လာပုံမှာလည်း ထူးဆန်းကြောင်း ကျွန်တော်တွေးမိပါသည်။ သို့သော်လည်း၊ ထူးဆန်းသည်ဖြစ်စေ၊ မထူးဆန်းသည်ဖြစ်စေ၊ ဖြစ်ပျက်ပုံကဤအတိုင်းပင်ဖြစ်နေပါသည်။ ဤအချက်ကြောင့်ပင်၊ မကြာခဏ ကျွန်တော့်အတွက်ဝမ်းနည်းခြင်းကြီးစွာဖြစ်ရပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော်အကြားအမြင်ရခဲ့သည်မှာ ဟုတ်မှန်သောအချက်တစ်ချက်ဖြစ်ပါသည်။ ကျွန်တော်၏ ခံစားချက်သည် ရှင်ပေါလု၏ခံစားချက်နှင့်များစွာတူနေသည်ဟု ထိုအချိန်မှစ၍ ကျွန်တော်ထင်မြင်ခဲ့ပါသည်။ ရှင်ပေါလုက သူအလင်းတန်းတစ်တန်းတွေ့မြင်ခဲ့ပြီး၊ အသံကြားခဲ့သည့်အဖြစ်အပျက်မှာ အမှန်အကန်ဖြစ်ကြောင်း၊ ဘုရင်အဂြိပ္ပ၏ရှေ့မှောက်တွင် အစစ်ခံရာ၌ သူ့ကိုယ်သူကာကွယ်ပြောကြားစဉ်က သူသည် ဤသို့ပင်ခံစားခဲ့ရမည်ဖြစ်သည်။ သို့သော်၊ သူ့ကိုယုံကြည်သူအနည်းငယ်မျှသာရှိပါသည်။ အချို့က သူသည်မရိုးသားဟူ၍လည်းကောင်း၊ အချို့က သူသည်အရူးဟူ၍လည်းကောင်း၊ ပြောခဲ့ကြပြီး သူ့ကိုလှောင်ပြောင်ဆဲဆိုခဲ့ကြပါသည်။ သို့သော်လည်း၊ ဤသို့လုပ်ဆောင် ကြခြင်းသည် သူအကြားအ

မြင်ရခဲ့ခြင်း၏အမှန်တရားကိုဖျက်ဆီး နိုင်ခြင်းမရှိခဲ့ပါ။ သူသည် အကြားအမြင်ရခဲ့သည်။ ဤသို့အကြား အမြင်ရသည်ကို သူကိုယ်တိုင်သိသည်ဖြစ်၍၊ ကောင်းကင်အောက်တွင်ရှိသမျှသောမည်သည့်အရေးယူမှုကမှ၊ ဖြစ်ပျက်ခဲ့ သမျှကို ပြောင်းပြန်ဖြစ်သွားအောင်မလုပ်နိုင်ပါ။ သူတို့က သူ့ကိုသေဆုံးသည့်အထိ အရေးယူသော်လည်း၊ သူသည် အလင်း တန်းကို မြင်ခဲ့ပြီး မိမိအားပြောကြားသောစကားကိုကြားခဲ့ကြောင်းသိပါသည်။ သူ၏နောက်ဆုံးထွက်သက်ရှုသည့်အချိန်အထိ ဤအတိုင်းပင်သိနေမည်ဖြစ်ပါသည်။ ခြားနားသောထင်မြင်ချက်နှင့်ယုံကြည်ချက်တစ်မျိုးတစ်မည်ဖြစ်လာအောင် တစ်ကမ္ဘာလုံးက သူ့ကိုပြုလုပ်နိုင်မည်မဟုတ်ပါ။

ကျွန်တော်လည်းအလားတူပင်ဖြစ်ပါသည်။ အလင်းတန်းကိုကျွန်တော်အမှန်တကယ်မြင်တွေ့ခဲ့ပြီး၊ ထိုအလင်းတန်းထဲတွင်ပုဂ္ဂိုလ်ကြီးနှစ်ဦးကို ကျွန်တော်တွေ့ခဲ့ရပါသည်။ သူတို့က ကျွန်တော့်ကို အမှန်တကယ်ပင်စကားပြောခဲ့ကြပါသည်။ ကျွန်တော်အကြားအမြင်ရခဲ့ကြောင်းပြောကြားသည့်အတွက် ကျွန်တော့်ကိုမုန်းတီးကြ၊ စိတ်ဒုက္ခပေးကြ၊ အရေးယူကြသော် လည်း၊ ယင်းအဖြစ်အပျက်မှာအမှန်အတိုင်းပင်ဖြစ်ပါသည်။ သူတို့က ကျွန်တော်ကို စိတ်အနှောက်အယှက်ပေးနေကြပြီး၊ မတရားသဖြင့်ပြောကြကာ၊ ကျွန်တော်မြင်သည့်အတိုင်းပြော သဖြင့်၊ ကျွန်တော့်အပေါ်မမှန်မကန် သွားပုပ်လေလွင့်ပြောနေကြချိန်တွင်၊ အမှန်ကိုပြောမိသည့်အတွက် အဘယ်ကြောင့် ကျွန်တော့်ကို အနှောက်အယှက်ပေးနေကြသနည်းဟု ကျွန်တော်၏နှလုံးသားထဲတွင် ပြောနေမိပါသည်။ ကျွန်တော်အမှန်တကယ်မြင်တွေ့ပါသည်။ ဘုရားသခင်ကို ဆန့်ကျင်ခုခံနိုင်ရအောင် ကျွန်တော်သည် မည်သို့သောသူဖြစ်နေမည်နည်း။ ကျွန်တော် အမှန်တကယ်မြင်တွေ့ခဲ့သည်ကို မဟုတ်မမှန်ငြင်းဆိုအောင် အဘယ်ကြောင့် ကမ္ဘာသားများက လုပ်လိုရပါသနည်း။ ကျွန်တော်အကြားအမြင်ရခဲ့ပါသည်။ ဤသည်ကို ကျွန်တော်သိပါသည်။ ဤသည်ကို ဘုရားသခင်အသိပင်ဖြစ် သည်ကိုလည်း ကျွန်တော်ပါသည်။ ဤသည်ကို ကျွန်တော်မငြင်းဆိုနိုင်ပါ။ ငြင်းလည်းမငြင်းဝံ့ပါ။ အနည်းဆုံး၊ မဟုတ်မမှန်ငြင်းဆိုခြင်း အားဖြင့်၊ ဘုရားသခင်ကို ကျွန်တော်က စိတ်အနှောက်အယှက် ဖြစ်အောင်လုပ်ရာရောက်မည်ဖြစ်ပြီး၊ ပြစ်တင်ရှုတ်ချခြင်းခံရ လိမ့်မည်ဖြစ်ပါသည်။

"ပုဂ္ဂိုလ်တစ်ဦး (မရှန်နိ) သည်

ကျွန်တော်၏အိပ်ရာဘေးတွင်ပေါ်လာပြီး၊

ဘုရားသခင်က ကျွန်တော့်အားအလုပ်

တစ်ခုခိုင်းရန်ရှိကြောင်းပြောခဲ့ပါသည်။"



ဂိုဏ်းဂဏများနှင့်ပတ်သက်၍၊ ယခုအချိန်တွင် ကျွန်တော်ကျေနပ်သွားပြီဖြစ်ပါသည်။ ကျွန်တော်သည် မည်သည့်ဂိုဏ်း၊ မည်သည့်အသင်းတော်ကိုမျှ ဝင်ရန်တာဝန်မရှိဘဲ၊ နောက်ထပ်ညွှန်ကြားချက် မရမချင်း ကျွန်တော်ယခုအတိုင်းပင်နေနေရမည်ဖြစ်ပါသည်။ အသိဥာဏ်ပညာလိုအပ်နေသူတစ်ယောက်က ဘုရားသခင်ထံတောင်းခံလျှင် ရရှိမည်ဖြစ်ပြီး၊ ဘုရားသခင်၏ကဲ့ရဲ့ပြစ်တင်ခြင်း ခံရမည်မဟုတ်ဟု ပြောထားသော ရှင်ယာကုပ်၏သက်သေခံချက်မှာ မှန်ကန်ကြောင်း ကျွန်တော်တွေ့ရှိရပါသည်။

## မရွှန်နီအလည်လာခြင်း။

ကျွန်တော်သည် ၁၈၂၃ခုနှစ် စက်တင်ဘာလ (၂၁)ရက်နေ့အထိ နေ့စဉ်သာမန်လုပ်ရိုးလုပ်စဉ်ကိစ္စများကို ဆက်လက်လုပ်ဆောင်နေခဲ့ပါသည်။ ကျွန်တော်အကြားအမြင်ရခဲ့ကြောင်း ဆက်လက်အတည်ပြုပြောပြခဲ့သောကြောင့်၊ ဤအချိန်တစ်လျှောက်လုံးတွင် ဘာသာရေးနှင့်ပတ်သက်သောပုဂ္ဂိုလ်များရော၊ ဘာသာရေးနှင့်မပတ်သက်သောပုဂ္ဂိုလ်များပါ ပါဝင်သည့်လူတန်းစားအလွှာစုံမှပုဂ္ဂိုလ်များက ပြင်းထန်စွာအနှောက်အယှက်ပေးခဲ့ကြပါသည်။

ကျွန်တော်အကြားအမြင်ရသောအချိန်မှ ၁၈၂၃ ခုနှစ်အထိ ကြားကာလအတောအတွင်း၌၊ ကျွန်တော့်အနေဖြင့် လမ်းမှားလိုက်မိနိုင်သော ဖြားယောင်းသွေးဆောင်မှုအမျိုးမျိုးကြုံတွေ့ခဲ့ရပါသည်။ ထိုအချိန်တွင်၊ မည်သည့်ဘာသာရေး ဂိုဏ်းဂဏကိုမျှမဝင်ရန် ကျွန်တော့်ကို တားမြစ်ထားပါသည်။ ကျွန်တော်၏အသက်ကလည်း ငယ်ရွယ်နုနယ်ပြီး၊ ကျွန်တော်၏သူငယ်ချင်းအဖြစ် ကျွန်တော့်အပေါ်ကြင်ကြင်နာနာဆက်ဆံသင့်သူများကဝိုင်း ကြဉ်၍ စိတ်အနှောက်အယှက်ပေးခဲ့ကြပါသည်။ ကျွန်တော့်ကို သူတို့ဘက်ပါအောင်နည်းလမ်းတကျချစ်ခင်စွာကြိုးစားဆွဲဆောင်ခဲ့လျှင်၊ ကျွန်တော်ဖြားယောင်းမှုနောက်သို့ပါသွားစရာ ရှိပါသည်။ ယင်းကာလအတွင်း၌ လူမျိုးစုံနှင့်ထိတွေ့ဆက်ဆံရ သဖြင့် ကျွန်တော်သည် မကြာခဏမိုက်မဲသည့် အမှားများကိုကျူး လွန်ခဲ့မိပါသည်။ လူငယ်တို့၏အားနည်းခြင်းနှင့်

လူသားတို့၏ သဘာဝအတိုင်းအကျင့်စာရိတ္တအနည်းငယ် အားနည်းတတ်ခြင်း များရှိခဲ့ပါသည်။ ယင်းသဘာဝတို့က ကျွန်တော့်ကို ဆိုးသွမ်းအောင်၊ ဘုရားသခင်မကြိုက်သောအရာများ လုပ်ဆောင်အောင် ဖြားယောင်းသွေးဆောင်ခဲ့ပါသည်။ ဤကဲ့သို့ဝန်ခံပြောကြားသည့်အတွက်ကြောင့် ကြီးမားသောအပြစ်များ ဖြစ်စေ၊ စိတ်ယုတ်မာသော အပြစ်များဖြစ်စေ၊ ကျွန်တော် ကျူးလွန်သည် ဟု မည်သူမျှမထင်သင့်ပါ။ ယင်းကဲ့သို့သော အပြစ်များကို ကျူးလွန်သည့်သဘာဝမျိုး ကျွန်တော့်တွင်လုံးဝ မရှိပါ။

ဤအရာများ၏အကျိုးဆက်ကြောင့်၊ ကျွန်တော်၏အားနည်းချက် များနှင့်မပြည့်စုံမှုများအတွက် ကျွန်တော်ပြစ်တင်ရှုတ်ချခံရသည့်သဖွယ် စိတ်ခံစားမှုမျိုး မကြာခဏခံစားရပါသည်။ အထက်တွင် ပြောခဲ့သည့် စက်တင်ဘာလ (၂၁) ရက်နေ့ညတွင် ကျွန်တော် အိပ်ရာဝင်ပြီးနောက်၊ ကျွန်တော်၏အပြစ်များနှင့် အပြင်မကျယ်မှုများအတွက် ခွင့်လွှတ်ပါမည့်အကြောင်း၊ ကျွန်တော့်အခြေအနေနှင့်တကွ ကိုယ်တော်၏ရှေ့မှောက်တွင် ကျွန်တော်ရပ်တည်နေသည့်အနေအထားတို့ကိုလည်း ဖော်ပြပါမည့် အကြောင်း၊ ကျွန်တော်တန်ခိုးကြီးမြတ်တော်မူသော ဘုရားသခင်ထံ ရှိသေလေးမြတ်စွာဆုတောင်းပါသည်။ ယခင်ကဲ့သို့ပင် ကျွန်တော့်ကို မြင့်မြတ်တော်မူသော ဘုရားသခင်က အကြားအမြင်ဗျာဒိတ်ပေး မည်ဟု ယုံကြည်သောကြောင့် ကျွန်တော်ယခုကဲ့သို့ဆုတောင်းခြင်းဖြစ်ပါသည်။

ကျွန်တော်ဘုရားသခင်ထံဆုတောင်းနေစဉ်၊ ကျွန်တော်၏အခန်းတွင်း၌ အလင်းတန်းပေါ်ထွက်လာသည်ကိုတွေ့ရပါသည်။ ယင်းအလင်းရောင်သည် ဆက်လက်၍လင်းထိန်လာပြီး အခန်းသည်နေ့ခင်းကြောင်တောင်ထက်ပို၍ပင်လင်းသွားပါသည်။ ထိုအချိန် တွင် ကျွန်တော်၏အိပ်ရာဘေး၌ ပုဂ္ဂိုလ်တစ်ဦးချက်ချင်းပေါ်လာပါသည်။ သူ၏ခြေထောက်သည် ကြမ်းပြင်နှင့် မထိဘဲ လေထဲတွင်ရပ်လျက်သားရှိနေပါသည်။

သူသည်အဖြူဖွေးဆုံးဝတ်ရုံတစ်ထည်ကိုခြုံထားပါသည်။ သူခြုံထားသောဝတ်ရုံသည် ဤကမ္ဘာမြေပေါ်တွင် ကျွန်တော်မြင်ဖူးသမျှ ထက်ပို၍သာလွန်သည့် အလှပဆုံးသော အဖြူရောင်ဖြစ်ပါသည်။ ဤကမ္ဘာမြေကြီးပေါ်တွင် ရှိသောအရာဝတ္ထုကို ဤမျှ

လွန်ကဲစွာ ဖြူဖွေးတောက်ပအောင်ပြုလုပ်၍ ရနိုင်မည်ဟု ကျွန်တော်မထင်ပါ။ ၎င်းပုဂ္ဂိုလ်၏ဝတ်ရုံသည် လက်ကောက်ဝတ် အထက်နားအထိနှင့်ခြေကျဉ်းဝတ်အထက်နားအထိသာရောက်ပါသည်။ လက်တွင်ဘာမျှစွပ်ထားခြင်းမရှိ၊ ခြေထောက်တွင်လည်း ဘာမျှစီးထားခြင်းမရှိပါ။ ခေါင်းနှင့်လည်ပင်းကို လည်းမြင်နေရပါသည်။ ဝတ်ရုံသည်ဟနေ၍၊ ရင်ပတ်အထိုင်းသားမြင်ရသဖြင့်၊ ဝတ်ရုံအောက်တွင်ဘာမျှထပ်၍ ဝတ်ထားခြင်းမရှိသည်ကိုတွေ့ရပါသည်။

သူ၏ဝတ်ရုံလှသာကသာ၊ ထူးကဲစွာဖြူဖွေးနေသည်မဟုတ်ပဲ၊ သူ၏ ပုဂ္ဂိုလ်တစ်ဦးလုံးအနေဖြင့် ဖော်ပြခြင်းငှာ မစွမ်းနိုင်လောက်အောင် ထူးခြတ်နေပြီးသူ၏မျက်နှာထားမှာ အမှန်တကယ်ပင်လျှပ်စီးလက်နေသကဲ့သို့ဖြစ်ပါသည်။ အခန်းသည် ထူးကဲစွာလင်းထိန်နေသော်လည်း၊ ထိုပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာအနီးပတ်ဝန်းကျင်လောက် အထူးတလည်တောက်ပခြင်းမရှိပါ။ သူ့ကိုပထမဆုံးမော့ကြည့်လိုက်စဉ်က၊ ကျွန်တော်ကြောက်လန့်သွားမိပါသည်။ သို့သော် မကြာမီကြောက်စိတ်များပြေပျောက်သွားပါသည်။

သူကကျွန်တော့်နာမည်ကိုခေါ်ပြီး၊ သူသည် ဘုရားသခင်၏ရှေ့မှောက်မှ စေလွှတ်လိုက်သော တမန်တော်တစ်ဦးဖြစ်ကြောင်း၊ သူ၏အမည်မှာ မရွန်နိ ဖြစ်ကြောင်း၊ ဘုရားသခင်က ကျွန်တော့်အားအလုပ်တစ်ခုခိုင်းရန်ရှိကြောင်း၊ ကျွန်တော်၏ အမည်ကို နိုင်ငံအားလုံး၊ ဆွေမျိုးမိသားစုအားလုံးနှင့် ဘာသာစကားအားလုံးအကြားတွင် အကောင်းအတွက်ရော အဆိုးအတွက်ပါကြားသိကြရလိမ့်မည်ဖြစ်ကြောင်းနှင့် လူမျိုးအားလုံးအကြားတွင် ကျွန်တော့်အကြောင်းကို အကောင်းပြောသူရှိသလို အဆိုးပြောသူများလည်းရှိမည်ဖြစ်ကြောင်း၊ သူကကျွန်တော့်ကိုပြောပြပါသည်။

၎င်းအမေရိကတိုက်တွင် ယခင်ကနေထိုင်ခဲ့သူများနှင့်သူတို့ ဇာတ်ပေါက်ဖွားရောက်ရှိလာရာ အရင်းအမြစ်များအကြောင်းကို ရွှေပုရပိုက်ပေါ်တွင် ရေးသားထားသောကျမ်းတစ်စောင် သိမ်းဆည်းမြှုပ် နှံထားသည်ဟု သူကပြောကြားပါသည်။ ထာဝရတည်မည့်နှုတ်ကပါဌ်တရားတော်အပြည့်အဝသည် ကယ်တင်ရှင်က ရှေးခေတ်တွင်နေထိုင်ခဲ့သူများအား ဟောကြားခဲ့သည့်

အတိုင်း ယင်းကျမ်းထဲ၌ပါရှိသည်ဟုလည်းသူကပြောပြပါ
သည်။

ငွေကြိုးကွပ်သော ကျောက်တုံးနှစ်တုံးရှိကြောင်း၊ ယင်း
ကျောက်တုံးတို့ကိုဗလည်ကွေးပေါ်တွင် ချည်နှောင်ထား
ကြောင်း၊ ယင်းတို့ကိုရင်ပြားများနှင့်အတူမြှုပ်ထားရာ၊ ယူရင်
နှင့်သမ်မင်ဟုခေါ်ကြောင်း၊ ယင်းကျောက်တုံးများကို ပိုင်
ဆိုင်ပြီး အသုံးပြုသူများမှာ ရှေးအခါက ပရောဖက်များဖြစ်
ကြောင်း၊ ဤကျမ်းစာအုပ်ကို ဘာသာပြန်ရာ၌အသုံးပြုရန် ယင်း
တို့ကို ဘုရားသခင်ကပြင်ဆင်ပေးထားခြင်းဖြစ်ကြောင်းကို
လည်း သူက ပြောပါသည်။

ဤအရာများကိုပြောပြီးနောက်၊ ဓမ္မဟောင်းကျမ်းမှ ဗျာဒိတ်
တော်များကို သူကစတင်ကိုးကားပြောကြားပါသည်။ သူက
မာလခိကျမ်းတတိယအခန်း၏ တစ်စိတ်တစ်ဒေသကို ပထမဆုံး
ရွတ်ဆိုပြပြီး၊ ယင်းဗျာဒိတ်တော်၏စတုတ္ထ သို့မဟုတ်နောက်ဆုံး
အခန်းကိုလည်း ကိုးကားပြောကြားပါသည်။ သို့သော်၊ ယင်းကို
ကျွန်တော်တို့၏ကျမ်းစာတွင်ပါသည့် စာသားနှင့်မတူဘဲ အ
နည်းငယ်ခြားနားစွာပြောကြားသွားပါသည်။ အခန်းငယ်တစ်
ကို ကျွန်တော်တို့၏ကျမ်းစာတွင်ပါသည့်အတိုင်း ရွတ်ဆိုမည့်
အစား ဤကဲ့သို့သူက ရွတ်ဆိုပါသည်။

*ကြည့်ရှုလော့ "မီးလင်းဖို၌မီးလောင်သကဲ့သို့ လောင်သော
နေ့ရက် ကာလသည်ရောက်လာလိမ့်မည်။ မာနကြီးသောသူ
များနှင့်ဒုစရိုက်ပြုသောသူအားလုံးတို့သည် ရိုးပြတ်များကဲ့သို့
လောင်ကျွမ်း လိမ့်မည်။ ရောက် လာသောနေ့ရက်တို့ကယင်း
တို့ကိုလောင် ကျွမ်းစေလိမ့်မည်။ ယင်းတို့ကို အမြစ်နှင့်အ
ကိုင်းပါမကျန်အောင် လောင်ကျွမ်းစေလိမ့်မည်ဟု ကောင်း
ကင် ဗိုလ်ခြေ အရှင်ထာဝရဘုရားကမိန့်တော်မူ၏။*

ဆက်လက်၍ သူက အခန်းငယ်(၅)ကိုဤသို့ရွတ်ပါသည်။
*ဘုရားသခင်၏ကြောက်မက်ဖွယ်ကောင်းသောနေ့ရက် ကြီးမ
ရောက်မီ၊ ပရောဖက် လေီယ၏ လက်ဖြင့်၊ သင်တို့အားလွှအပ်
သောအခွင့်အာဏာကို ငါ ပေးအပ်မည်။*

နောက်တစ်ပိုဒ်ကိုလည်း သူကခြားနားစွာရွတ်ဆိုသွားပါသည်။

*ဖခင်တို့အားပေးထားသောကတိတော်များကို သူက သားသမီးများ၏စိတ်နှလုံးထဲတွင် သွတ်သွင်းပေးရမည်။ သားသမီးများက ဖခင်များကိုချစ်ခင်ကြရမည်။ ဤအတိုင်းမဖြစ်လျှင်၊ ကမ္ဘာမြေကြီးတစ်ခုလုံးသည် ကိုယ်တော်ကြွလာတော်မူသည့်အခါလုံးဝအလဟဿဖြစ်ရလိမ့်မည်။*

ဤကျမ်းစာပိုဒ်များအပြင်၊ သူက ဟေရှာယကျမ်း အခန်းကြီး (၁၁)ကို ကိုးကားပြောပြီး၊ ဤကျမ်းစာပိုဒ်အတိုင်းပြည့်စုံလုနီးပြီဟု ပြောပါသည်။ သူက တမန်တော်ဝတ္ထုအခန်းကြီး(၃)အပိုဒ်ငယ် (၂၂)နှင့်(၂၃)တို့ကို ကျွန်တော်တို့၏ဓမ္မသစ် ကျမ်းထဲတွင်ပါရှိ သည့်အတိုင်း အတိအကျရွတ်ဆိုပြပြန်ပါသည်။ ထိုပရောဖက်ဆို သူမှာခရစ်တော်ဖြစ်ကြောင်း၊ သို့သော် ထိုပရောဖက်၏စကား ကို နားမထောင် သူအား သူ၏အမျိုးထဲမှ ပယ်ရှင်းမည့်အချိန်မ ရောက်သေးကြောင်း၊ သို့ရာတွင်ထိုအချိန်သည် မကြာမီရောက်လာလိမ့်မည်ဖြစ်ကြောင်း၊ သူက ပြောပါသည်။

ယောလအနာဂတ္တိကျမ်း အခန်းကြီး(၂)ကိုလည်း သူက အခန်းငယ်(၂၈)မှ ဆုံးသည်အထိ ကိုးကားပြောဆိုပါသည်။ ဤအချက်မှာ၊ မပြည့်စုံသေးသော်လည်း မကြာမီပြည့်စုံလိမ့်မည်ဟုလည်း သူကပြောပါသည်။ ဣသရေလ ရဟူဒီမဟုတ်သောတစ်ပါးအမျိုးသားများပြည့်စုံမည့်အဖြစ်သည် မကြာမီဖြစ် လာမည်ဟု သူကဆက်လက်၍ပြောပါသည်။ သူက ကျမ်းစာလာအခြား စာပိုဒ်အတော်များများကို ကိုးကားပြောဆိုပြီး ယင်းတို့ကို ရှင်းပြပါသည်။ ယင်းတို့ကို ဤနေရာတွင် ပြောမပြနိုင်သေးပါ။

သူပြောသောပုရပိုက်များကိုရယူနိုင်ရေးမှာ ယခုအခါ မဖြစ်နိုင်သေးသော်လည်း၊ ကျွန်တော်ယင်းတို့ကိုရရှိသောအခါမည်သူ့ကိုမျှပြသခြင်းမပြုရန်၊ ယူရင်နှင့်သပ်မင်ကျောက်တုံးများပါသော ဗာလည်ကွေးကိုလည်း ပြသခြင်းမပြုရန်၊ ကျွန်တော့်အား ပြသရန် အမိန့်ပေးသောသူများကိုသာပြသရန်၊ အကယ်၍ မခိုင်းဘဲ ပြသခဲ့လျှင်၊ ကျွန်တော်ဖျက်ဆီးခြင်းခံရမည်ဖြစ်ကြောင်း၊ သူက ကျွန်တော်ကိုထပ်မံပြောပြပါသည်။ သူကျွန်တော်ကို ယင်းရွှေပုရပိုက်များအကြောင်းပြောနေစဉ်၊ ယင်းတို့အားမြှုပ်နှံထားသောနေရာကို ကျွန်တော်၏စိတ်ထဲတွင်မြင်ရပါသည်။ မြင်လိုက်ရပုံမှာ ရှင်းလင်းပြတ်သားလွန်းသဖြင့်၊ ထို

နေရာကိုကျွန်တော်သွားရသည့်အခါ ကျွန်တော်ထိုနေရာကို ပြန်၍မှတ်မိပါသည်။

၌ပြောဆိုမှုပြီးသွားပြီးနောက် အခန်းထဲရှိအလင်းရောင်သည် ကျွန်တော့်ကို စကားပြောနေသောပုဂ္ဂိုလ်ပတ်လည်သို့ ချက်ချင်းစုဝေးသွားသည်ကို ကျွန်တော်တွေ့ရပါသည်။ နောက်ဆုံးတစ်ခန်းလုံးပြန်၍မှောင်သွားပြီး၊ သူ၏ပတ်လည်တွင်သာ လင်းနေတော့သည်အထိ အလင်းရောင်များဆက်လက်၍ သူ့ရှိရာသို့စုဝေးသွားပါသည်။ ချက်ချင်းဆိုသလိုပင် ပိုက်လုံးတန်းအသွင်လမ်းကြောင်းတစ်ခုကောင်းကင်အထိ တောက်လျှောက်ပေါ်လာသည်ကိုတွေ့ရပြီး၊ ထိုပုဂ္ဂိုလ်သည်လုံးဝပျောက်ကွယ်သည်အထိတက်သွားပါသည်။ ထိုနောက်တွင် အခန်းသည် ကောင်းကင်မှအလင်းရောင်ပေါ်မလာမီကကဲ့သို့ပင် ပကတိအတိုင်းကျန်ခဲ့ပါသည်။

မကြုံစဖူးထူးကဲသော ၌မြင်ကွင်းအကြောင်းကို ကျွန်တော်လဲလျောင်းစဉ်းစားနေပြီး၊ ၌ အထူးသံတမန်ကြီးက ကျွန်တော့်ကိုပြောပြသောအရာများကိုလည်း ကျွန်တော်အကြီးအကျယ်အံ့အားသင့်နေမိပါသည်။ ၌ကဲ့သို့ ကျွန်တော်တွေးတောနေစဉ်၊ ရုတ်တရက် ကျွန်တော့်အခန်းပြန်လင်းလာသည်ကိုတွေ့ရပါသည်။ တစ်ခဏချင်းလိုလိုမှာပင် စောစောက ကောင်းကင်တမန်တော်ကြီး ကျွန်တော်၏အိပ်ရာဘေးတွင်ပြန်၍ပေါ်လာပါသည်။

သူသည် ပထမတစ်ကြိမ်လာစဉ်က အရာများကိုပင် လုံးဝမပြောင်းမလဲပြန်၍ပြောပါသည်။ ထိုသို့ပြောပြီးသောအခါ ၌ကမ္ဘာမြေကြီးပေါ်တွင် ဘုရားသခင်၏တရားစီရင်ဆုံးဖြတ်မှုကြီးများ ပေါ်မည့်အကြောင်း သူက ကျွန်တော့်ကို အသိပေးပါသည်။ ငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ဓါး လက်နက်ဘေးနှင့်ရောဂါကပ်ဆိုက်မည့်ဘေးကြောင့် လူအများသေဆုံးမည့်အကြောင်း၊ ၌စိတ်မကောင်းစရာစီရင်မှုများ ကမ္ဘာပေါ်တွင် ၌မျိုးဆက်ကာလအတွင်း ကျရောက်မည်ဖြစ်ကြောင်း သူကပြောပြပါသည်။ ၌အရာများအကြောင်းပြောပြပြီးသောအခါ၊ သူသည် ယခင်တစ်ကြိမ်ကအတိုင်း ကောင်းကင်သို့တက်ကြွသွားပါသည်။

ဤတစ်ကြိမ်ဖြစ်ပျက်အပြီးတွင်၊ ကျွန်တော်၏စိတ်ထဲ၌ နက်နဲစွာ စွဲထင်ကျန်ရစ်သဖြင့်၊ အိပ်ချင်စိတ်များကျွန်တော်၏ မျက်လုံးများမှထွက်ခွါပြေးသွားပြီး၊ ကျွန်တော်မြင်တွေ့ကြားသိရသည်များအပေါ်အံ့ဩသောစိတ်များလွှမ်းခြုံလျက်လဲလျောင်းနေမိပါသည်။ သို့သော် ယင်းတမန်တော်ကို ကျွန်တော်၏အိပ်ရာဘေးတွင် နောက်တစ်ကြိမ်ထပ်တွေ့ပြီး၊ ယခင်ကကဲ့သို့ပင် အလားတူ အကြောင်းအရာများကို ထပ်၍ပြောပြသည့်အခါကျွန်တော်အံ့အားသင့်ရပုံကို ပြောမပြတတ်တော့ပါ။ (ကျွန်တော့်ဖခင်၏မိသားစုဆင်းရဲမှုကြောင့်) ချမ်းသာလိုသောရည်ရွယ်ချက်ဖြင့် ရွှေပြားများကိုရယူရန် စာတန်မာရ်နတ်က ကျွန်တော့်ကို ဖြားယောင်း သွေးဆောင်ဖို့ကြိုးစားလိမ့်မည် ဖြစ်၍ သတိထားရန် သူကကျွန်တော့်ကို ဆက်၍ပြောပါသည်။ ယင်းရွှေပြားများကိုရယူရာတွင် ဘုရားသခင်၏ဘုန်းတော် ကြီးမြတ်အောင်ပြုလုပ်ဖို့ရည်ရွယ်ချက်မှတစ်ပါး၊ အခြားရည်ရွယ်ချက်မရှိရဟုဆိုကာ ချမ်းသာလိုသောရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းမပြုရန် သူက ကျွန်တော့်အားတားမြစ်ပါသည်။ ထို့အပြင်၊ ဘုရားသခင်၏နိုင်ငံတော်ကို တည်ထောင်လိုသောရည်ရွယ်ချက်မှတစ်ပါး အခြားရည်ရွယ်ချက်များကလွှမ်းမိုးသည်ကို မခံရစေနှင့်ဟုသူကပြောပါသည်။ သို့မဟုတ်က၊ ကျွန်တော်သည် ယင်းတို့ကိုမရရှိနိုင်ဟုဆိုပါသည်။


ဤတတိယတစ်ကြိမ်လာရောက်ပြီးနောက်၊ သူသည် ယခင်ကကဲ့သို့ပင် ကောင်းကင်သို့တက်သွားပြန်ပါသည်။ မကြာမီကမှ ကြုံတွေ့ခဲ့ရသောအဖြစ်၏ထူးဆန်းမှုကို ကျွန်တော်စဉ်းစားယင်းကျန်ခဲ့ပြန်ပါသည်။ ကောင်းကင်တမန်တော် တတိယအကြိမ်ပြန်လည်တက်ကြွသွားပြီးနောက်၊ ချက်ချင်းလိုလိုပင် ကြက်တွန်သံကြားလိုက်ရပါသည်။ မိုးလင်းလုပြီကိုတွေ့ရသဖြင့်၊ ကျွန်တော်တို့တွေ့ဆုံကြခြင်းမှာတစ်ညတာလုံး ကြာသွားခဲ့ပြီကိုသိရပါတော့သည်။

မကြာမီတွင် ကျွန်တော်အိပ်ရာမှထပြီး၊ ခါတိုင်းကဲ့သို့ပင် တစ်နေ့တာလုပ်ဆောင်စရာများကို သွားရောက်လုပ်ဆောင်ပါသည်။ သို့သော် ခါတိုင်းကဲ့သို့ အလုပ်လုပ်ရန်ကြိုးစားရာတွင်၊ အားအင်ကုန်ခမ်းပင်ပန်းနွမ်းနယ်နေသဖြင့် လုံးဝမတတ်နိုင်သည်ကိုတွေ့ရပါသည်။ ကျွန်တော်နှင့်အတူအလုပ်လုပ်နေသော ကျွန်တော်၏ဖခင်သည် ကျွန်တော်တစ်စုံတစ်ခုဖြစ်နေ

“အချိန်ကြာလာသည်နှင့်အမျှ …

ရွှေပြားများကို ရယူရန် အချိန်ကျ

ရောက်လာပါသည်။”



သည်ကို သိရှိသဖြင့်၊ ကျွန်တော့်အားအိပ်ပြန်ခိုင်းပါသည်။ အိပ်ပြန် မည် ဟူသောရည်ရွယ်ချက်ဖြင့် ကျွန်တော်ထွက်လာပါသည်။ သို့သော်၊ ကျွန်တော်တို့ အလုပ်လုပ်နေသောနေရာမှအထွက် ခြံစည်းရိုးကိုကျော်ဖြတ်ရန်ကြိုးစားနေစဉ်၊ ကျွန်တော်လုံးဝအားကုန်သွားပြီး လဲကျသွားပါသည်။ ခေတ္တခဏမျှ ကျွန်တော်ဘာမျှမသိလောက်အောင်သတိလစ်သွားပါသည်။

ကျွန်တော်ပထမဆုံးပြန်လည်သတိရသောအရာမှာ ကျွန်တော့်နာမည်ကို ခေါ်နေသော အသံတစ်သံဖြစ်ပါသည်။ ကျွန်တော်မော့ကြည့်လိုက်သောအခါ၊ ထိုကောင်းကင်တမန်တော်ပင် ကျွန်တော်၏ ဦးခေါင်းအထက်တွင် ရပ်နေသည်ကို တွေ့ရပါသည်။ သူ၏ပတ်လည်တွင် ယခင်ကကဲ့သို့ပင် လင်းထိန်နေပါသည်။ မနေ့ညကပြောပြထားသောအရာ အားလုံးကို သူက တစ်ခါထပ်၍ပြောပြပြီး၊ ကျွန်တော်ရရှိသောအကြားအမြင်နှင့် ကျွန်တော့်ကိုပေးထားသောအမိန့်များအကြောင်းကို ကျွန်တော့်ဖခင်အားသွားပြောပြရန် အမိန့်ပေးပါသည်။


ကျွန်တော်နာခံပါသည်။ ကွင်းထဲရှိ ကျွန်တော်၏ဖခင်ရှိရာသို့ ပြန်လာပြီး ဖြစ်ကြောင်းကုန်စင်ပြန်ပြောလိုက်ပါသည်။ ယင်းကိစ္စအားလုံး ဘုရားသခင်နှင့်ဆိုင်သောအရာများဖြစ်ကြောင်း အဖေက ပြောပြီး၊ တမန်တော်က ခိုင်းထားသောအရာအားလုံး ကိုသွား၍ လုပ်ပေးလိုက်ရန် ကျွန်တော့်ကိုခိုင်းပါသည်။ ကျွန်တော် ကွင်းထဲမှထွက်လာပြီး၊ ရွှေပုရပိုက်များမြှုပ် ထားသည်ဟု တမန်တော်ကပြောသော နေရာသို့သွားပါသည်။ ယင်းနေရာနှင့် ပတ်သက်၍ ရရှိထားသောအမြင်မှာ ထူးခြားရှင်းလင်းခြင်းကြောင့် ထိုနေရာ သို့ရောက်သည်နှင့်တစ်ပြိုင်နက် ယင်းနေရာဖြစ်မှန်းကျွန်တော်ချက်ချင်းသိရှိ ပါသည်။

## မွန်မြတ်သောမှတ်တမ်း

နယူးယောက်ပြည်နယ်၊ အွန်တာရီအိုခရိုင်၊ မန်ချက်စတာရွာနှင့်မလှမ်းမကမ်းတွင် အသင့်အတင့်မြင့်သောတောင်ကုန်းတစ်ခုရှိပါသည်။ ယင်းသည် ဤပတ်ဝန်းကျင်တွင် အမြင့်ဆုံးဖြစ်ပါသည်။ဤတောင်ကုန်း၏အနောက်ဖက်ခြမ်းတွင် တောင်ထိပ်မှမဝေးလှသောနေရာရှိ အရွယ်အစားအသင့်အတင့်မျှရှိသည့်

"ကျွန်တော်သည် ပုရပိုက်ပေါ်ရှိ အက္ခရာ

များကို စတင်ကူးယူပါသည်။"



ကျောက်တုံးအောက်၌ ပုရပိုက်များရှိပါသည်။ ပုရပိုက်များကို ကျောက်သေတ္တာအတွင်း၌ထည့်ထားပါသည်။ ကျောက်တုံးကြီးသည် ထုထဲကာ အလယ်တွင်လုံးဝိုင်းသဖြင့် မြေကြီးပေါ်တွင် မြင်သာပြီးဘေးပတ်လည်တွင်ပါးလွှာပါသည်။ ဘေးပတ်လည်သည် မြေကြီးထဲတွင် နစ်မြုပ်နေပါသည်။

မြေကြီးကိုဖယ်ထုတ်ပြီးသောအခါ၊ ကျွန်တော်သည် ကုတ်တံတစ်ချောင်းဖြင့်ကျောက်တုံးအစွန်းအောက်ကိုထိုးကာအားအနည်းငယ်သုံးပြီး'မ'လိုက်ပါသည်။ အထဲကို ကျွန်တော်လှမ်းကြည့်လိုက်ပါသည်။ အမှန်တကယ်ပင် တမန်တော်ပြောသကဲ့သို့ ပုရပိုက်များ၊ ယူရင်နှင့်သမ်မင်ကျောက်တုံး၊ ယင်းတို့ကပ်ထားသော ဗာလည်ကွေးတို့ကို ကျွန်တော်တွေ့ရပါသည်။ ယင်းပစ္စည်းများထည့် ထားသောကျောက်သေတ္တာသည်ကျောက်တုံးများကို ဘိလပ်မြေတစ်မျိုးဖြင့် ကိုင်ထားခြင်းဖြစ်ပါသည်။ ကျောက်သေတ္တာ၏အောက်ခြေတွင် ကျောက်တုံးနှစ်တုံးကိုဘေးတိုက်ချထားပြီး ၎င်းကျောက်တုံးများပေါ်တွင် ပုရပိုက်များနှင့် အခြားအရာများတင်ထားပါသည်။

ယင်းတို့ကိုထုတ်ယူရန် ကျွန်တော်ကြိုးပမ်းပါသည်။ သို့သော် တမန်တော်က ကျွန်တော့်ကိုတားမြစ်ပြီး၊ ယင်းတို့ကို ထုတ်ယူရန် အချိန်မကျသေးကြောင်း ကျွန်တော့်ကိုထပ်၍ပြောပါသည်။ ၎င်းအချိန်မှ ၄နှစ်ကြာသည်အထိအချိန်ကျ ရောက်ဦးမည်မဟုတ်ဟုလည်းပြောပါသည်။ သို့သော်လည်း၊ ယင်းနေရာသို့တစ်နှစ်တိတိ ကြာသောအခါ ကျွန်တော်ပြန်လာရမည်ဖြစ်ကြောင်း၊ သူက ကျွန်တော့်ကို ထိုနေရာသို့လာတွေ့မည်ဖြစ် ကြောင်းနှင့်ယင်း ပုရပိုက် များရယူရန် အချိန်တန်သည်အထိ ကျွန်တော်၍ကဲ့သို့ ပင်ဆက် လက်လာရောက်တွေ့ဆုံရမည်ဖြစ်ကြောင်း သူက ကျွန်တော့်ကို ပြောပါသည်။

ကျွန်တော့်ကိုအမိန့်ပေးထားသည့်အတိုင်းပင်၊ တစ်နှစ်ကုန်ဆုံးတိုင်း ကျွန်တော်ထိုနေရာသို့သွားပါသည်။ အကြိမ်တိုင်းပင် ကျွန်တော်ယင်းတမန်တော်ကို ထိုနေရာတွင်တွေ့ပါသည်။ တမန်တော်နှင့်တွေ့ဆုံပြောဆိုသည့်အကြိမ်တိုင်း ကျွန်တော်သူ့ဆီက ညွှန်ကြားချက်များနှင့်အသိပညာများရရှိပါသည်။ ဘုရားသခင်က မည်သည့်အရာများကို ပြုလုပ်မည်ဖြစ်ကြောင်း၊ နောက်ဆုံးနေ့ရက်များတွင် သူ၏နိုင်ငံတော်ကို မည်သို့မည်ပုံ

စီပံအုပ် ချုပ်လိမ့်မည်ဖြစ်ကြောင်းတို့ကို သူက ကျွန်တော့်အား ပြောပြပါသည်။

ကျွန်တော်၏ဖခင်သည် ဝနဥစ္စာ အလွန်ရှားပါးသဖြင့်၊ ကျွန်တော်တို့သည်ကိုယ်ကာယ အင်အားအသုံးပြု၍ အလုပ်ကြမ်းလုပ်ရန် လိုအပ်သည့်အပြင်၊ အခွင့်အရေးရလျှင်ရသလို နေ့စားအငှားလိုက်ရပါသည်။ တစ်ခါတစ်ရံ ကျွန်တော်တို့အိမ်တွင်ရှိပြီး၊ ဗာဟီရအလုပ်များလုပ်ရပါသည်။ တစ်ခါတစ်ရံ အခြားနေရာသို့ သွားရောက်နေထိုင်အလုပ်လုပ်ရတတ်ပါသည်။ အဆက်မပြတ် အလုပ်လုပ်နေခြင်းကြောင့်သာ ကျွန်တော်တို့ သက်တောင့် သက်သာနေထိုင်နိုင်သည့်အခြေအနေရှိကြရပါသည်။

၁၈၂၅ ခုနှစ် အောက်တိုဘာလတွင်၊ နယူးယောက်ပြည်နယ်၊ ချီနင်ဂိုခရိုင်တွင်နေသော ဂျိုစိုင်ယ စတိုယယ် အမည်ရှိသော အဖိုးကြီးတစ်ယောက်ထံတွင်ကျွန်တော် အလုပ်ရရှိပါသည်။

ဤကဲ့သို့ ကျွန်တော်အလုပ်လုပ်နေစဉ်အတွင်း၊ ကျွန်တော်သည် သူ၏စီစဉ်ပေးမှုဖြင့် ပင်ဆာဗေးနီးယားပြည်နယ်၊ စပ်စကွီ ဟာနာခရိုင်၊ ဟာမိုနီမြို့သား မစ္စတာ အိုင်ဇက်ဟေး၏အိမ်တွင်နေထိုင်ရပါသည်။ ကျွန်တော်၏ဇနီး(သူ၏သမီး) အယ်မာဟေးကို ထိုနေရာတွင် ကျွန်တော်ပထမဦးစွာတွေ့ရှိရခြင်းဖြစ်ပါသည်။ ကျွန်တော် မစ္စတာ စတိုယယ် ထံတွင် အလုပ်လုပ်နေစဉ်၊ ၁၈၂၇ ခုနှစ် ဇန္နဝါရီလ (၁၈) ရက်နေ့တွင် ကျွန်တော်တို့နှစ်ဦးသားလက်ထပ်လိုက်ကြပါသည်။

ကျွန်တော် အိမ်ထောင်ပြုပြီးလျှင်ပြီးချင်း၊ မစ္စတာ စတိုယယ် ထံမှ အလုပ်ထွက်လာပြီး ကျွန်တော့်ဖခင်ထံပြန်၍ သူနှင့်အတူ ထိုတစ်နှစ် လယ်လုပ်ခဲ့ပါသည်။

အချိန်ကြာလာသည်နှင့်အမျှ၊ ပုရပိုက်များ၊ ယူရင်နှင့်သမ်မင်ကျောက်တုံးများနှင့် ဗာလည်ကျွေးတို့ကို ရယူရန် အချိန်ကျရောက်လာပါသည်။ ၁၈၂၇ ခုနှစ် စက်တင်ဘာလ(၂၂)ရက်နေ့တွင်၊ ယင်းတို့ကို မြှုပ်နှံထားသည့်နေရာသို့ တစ်နှစ်ကုန်သောအခါ၌၊ ခါတိုင်း ကဲ့သို့ရောက်သွားသောအခါ၊ ယခင်ကတွေ့သည့် ကောင်းကင် တမန်တော်ကပင် အောက်ပါတာဝန်များပေး၍ ကျွန်တော်၏လက်သို့ ယင်းတို့ကို အပ်

နှင်းလိုက်ပါသည်။ ယင်းပစ္စည်းများအတွက် ကျွန်တော့်တွင် တာဝန်ရှိမည်ဖြစ်ကြောင်း၊ ယင်းတို့ကို ကျွန်တော်က ပေါ့ပေါ့ ဆဆထားပြီး ပျောက်ဆုံးစေလျှင်ဖြစ်စေ၊ ကျွန်တော်၏လျစ်လျူ ရှုပေါ့ဆမှုကြောင့် ပျောက်ဆုံးလျှင် ဖြစ်စေ၊ ကျွန်တော့်ကို အဆက်ဖြတ်မည်ဖြစ်ကြောင်း၊ သို့သော်၊ မိမိ(တမန်တော်)က ပြန်တောင်းသည်အထိယင်းတို့ကိုမပျောက်ပျက်အောင် ကျွန် တော်အစွမ်းကုန်ကြိုးစားထိန်းသိမ်းလျှင်၊ ယင်းတို့ကို ကာကွယ် ပေးသွားမည်ဖြစ်ကြောင်း တမန်တော်က ကျွန်တော့်အားပြော ကြားပါသည်။

ယင်းတို့ကို လုံခြုံအောင်ထားရန် ကျွန်တော့်အား ဤမျှတင်း ကြပ်စွာတာဝန်ပေးအပ်ရသည့် အကြောင်းရင်းနှင့် ကျွန်တော် ဆောင်ရွက်ပေးရန်လိုအပ်သောလုပ်ငန်းပြီးသည့်အခါ၊ ယင်း ပစ္စည်းများကို ပြန်တောင်းယူမည်ဟု တမန်တော်ကပြောကြား ရသည့်အကြောင်းရင်းတို့ကို ကျွန်တော်မကြာမီသိရှိလာပါသည်။ ယင်းပစ္စည်းများ ကျွန်တော့်ထံတွင် ရှိသည်ဟု သိလျှင်သိချင်း၊ ယင်းတို့ကို ရယူရန် အကြီးကျယ်ဆုံးကြိုးစားဆောင်ရွက်ကြပါ သည်။ လိမ်လည်လှည့်ပတ်နည်းမျိုးစုံတီထွင်ပြီး အရယူရန်ကြိုး စားခဲ့ကြပါသည်။ ကျွန်တော့်အား ဝိုင်းပယ်ပြီး စိတ်အနှောက် အယှက်ဖြစ်အောင်လုပ်နေမှုများမှာ ယခင်ကထက်ပို၍ ခါးသီး လာသည့်အပြင်၊ ပို၍ပြင်းထန်လာပါသည်။ လူအများကလည်း ဖြစ်နိုင်လျှင်၊ ယင်းပစ္စည်းများကို ကျွန်တော့်ထံမှ အရယူရန် အပြံမပြတ်သတိဖြင့် ချောင်းမြောင်းနေကြပါသည်။ သို့သော်၊ ဘုရားသခင်၏ဉာဏ်ပညာကြောင့်၊ ကျွန်တော်ဆောင်ရွက်ရန် လိုအပ်သော အရာများပြီးစီးသည့်အချိန်အထိ ယင်းပစ္စည်းများ သည် ကျွန်တော်၏လက်ထဲတွင်ပင် ဘေးကင်းစွာရှိမြဲရှိ နေခဲ့ ပါသည်။ စီစဉ်ထားသည့်အတိုင်း၊ တမန်တော်က ယင်းတို့ ကို ပြန်လည်တောင်းယူသောအခါ၊ ကျွန်တော်က သူ့ထံသို့ပြန် လည်ပေးအပ်ခဲ့ပါသည်။ ယင်းပစ္စည်းများသည် ယနေ့၁၈၃၈ ခုနှစ် မေလ(၂)ရက်နေ့အထိသူ၏လက်ထဲတွင်ရှိနေပါသည်။

သို့သော်၊ လူအများသည် ဆက်လက်၍စိတ်လှုပ်ရှားမှုရှိနေပြီး၊ ပါးစပ်ပေါင်း ထောင်ချီနေ သောကာလဟာလက ကျွန်တော့် ဖခင်၏မိသားစုနှင့် ကျွန်တော့်အကြောင်း တစ်ချိန်လုံး မဟုတ် မမှန်လုပ်ကြံပြောကြပါသည်။ ယင်းစကားများ၏ တစ်ထောင် ပုံတစ်ပုံကိုသာ ပြန်ပြောရမည်ဆိုလျှင်၊ စာအုပ်အတွဲပေါင်းများ

စွာထွက်လာမည်ဖြစ်ပါသည်။ သို့သော်၊ စိတ်အနှောက်အယှက်ဖြစ်အောင်ပြောဆိုလုပ်ကိုင်မှုများမှာ ဆိုးဝါးလွန်း၍၊ ကျွန်တော်သည် မန်ချက်စတာမှ ထွက်ခွာကာ ပင်ဆယ်ဗေးနီးယားပြည်နယ် စပ်စကွဲဟာနာခရိုင်သို့ ကျွန်တော်၏ဇနီးနှင့်အတူပြောင်းရွှေ့မှုဖြစ်တော့မည့်အခြေအနေသို့ပင်ရောက်နေပါသည်။ ခရီးသွားရန် ပြင်ဆင်နေစဉ်၊ အလွန်ဆင်းရဲလှသည့်အကြားက၊ လူအများက အနှောက်အယှက်အမျိုးမျိုးပေးနေသည့်ဒဏ်ရာဒဏ်ချက်က လေးလံလွန်းလှသဖြင့် ကျွန်တော်တို့ခရီးသွား နိုင်ဖွယ်အလားအလာပင်မရှိပဲဖြစ်နေပါသည်။ ကျွန်တော်တို့ ဒုက္ခပင်လယ်ဝေနေစဉ်အတွင်း၊ မာတင်ဟဲရစ်အမည်ရှိလူတစ်ယောက်ကို မိတ်ဆွေအဖြစ်တွေ့ရှိလာရပါသည်။ သူက ကျွန်တော်တို့ခရီးသွားရာတွင် အထောက်အကူဖြစ်စေရန်ကျွန်တော့်အားဒေါ်လာငွေ ၅၀ ပေးပါသည်။ မစ္စတာဟဲရစ်သည် နယူးယောက်ပြည်နယ်၊ ဝိန်းခရိုင်ပါမီရာမြို့နယ်သားဖြစ်ပြီး လူအများလေးစားသည့်လယ်သမားတစ်ဦးဖြစ်ပါသည်။

အချိန်မီရရှိသော ဤအကူအညီကြောင့် ပင်ဆာဗေးနီးယားရှိကျွန်တော်သွားလိုသောနေရာသို့ ကျွန်တော်အရောက်သွားနိုင်ခဲ့ပါသည်။ ထိုနေရာသို့ ရောက်သည်နှင့်ချက်ချင်းဆိုသလိုပင်ကျွန်တော်သည် ပုရပိုက်ပေါ်ရှိ အက္ခရာများကို စတင်ကူးယူပါသည်။ ပုရပိုက်အတော်များများပေါ်မှ အက္ခရာများကို ကျွန်တော်ကူးယူပြီး ယူရင်နှင့်သမ်မင်တို့၏အကူအညီအားဖြင့်၊ စာသားအချို့ကို ကျွန်တော်ဘာသာပြန်ယူခဲ့ပါသည်။ ယင်းတို့ကိုကျွန်တော်၏ယောက္ခမအိမ်သို့ရောက်ရှိသည့် ဒီဇင်ဘာလမှနောက်နှစ်ဖေဖော်ဝါရီလ အတွင်း၌လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါသည်။

ဤဖေဖော်ဝါရီလအတွင်းတွင်၊ စောစောက ဖော်ပြခဲ့သောမစ္စတာ မာတင် ဟဲရစ်သည် ကျွန်တော်တို့နေထိုင်ရာအိမ်သို့ရောက်လာပြီး ရွှေပြားပေါ်မှ ကျွန်တော်ကူးရေးထားသောအက္ခရာများကိုယူကာ နယူးယောက်မြို့သို့ ထွက်ခွာသွားပါသည်။ ယင်းစာများနှင့်သူ၏အကြား၊ ဖြစ်ပျက်ခဲ့သမျှကို သူပြန်လာသည့်အခါပြန်ပြောပြသောသူ၏စကားအတိုင်း ကျွန်တော်တင်ပြသွားလိုပါသည်။

"ကျွန်တော်နယူးယောက်မြို့သို့သွားပါသည်။ စာပေအောင်

ပြင်မှုများအတွက်အမည်ကျော်ကြားသော ပါမောက္ခ ချားအင်သွန် ထံသို့ ယင်းအက္ခရာများနှင့်အတူဘာသာပြန်စာသားများကို တင်ပြခဲ့ပါသည်။ ဘာသာပြန်ပုံမှာမှန်ကန်ကြောင်း၊ အီဂျစ်ဘာသာစကားမှ ပြန်ဆိုထားပုံမှာ မိမိတွေ့ဖူးသမျှသော ဘာသာပြန်ဆိုမှုများအားလုံးထက်ပို၍မှန်ကန်ကြောင်း ပါမောက္ခအင်သွန်ကပြောပြပါသည်။ ထိုနောက်ဘာသာမပြန်ရသေးသော စာရွက်အချို့ကိုသူ့အား ကျွန်တော်ကပြသပါသည်။ ယင်းတို့သည်၊ အီဂျစ်ဘာသာ၊ ချာလ်ဒစ်၊ အဆီးရစ်နှင့်အာရေဗျ ဘာသာစကားများဖြစ်ကြောင်း၊ ယင်းအက္ခရာများမှာ အစစ်အမှန်ဖြစ်ကြောင်း သူကပြောပါသည်။ ယင်းစာသားအက္ခရာ များမှာ အမှန်အကန်ဖြစ်ကြောင်း၊ ယျှဘာသာပြန်ပုံများမှာလည်းမှန်ကန်ကြောင်း၊ ပါမီရာမြို့သားများထံ သူကထောက်ခံစာတစ်စောင်ရေး၍ ကျွန်တော့်ကိုပေးလိုက်ပါသည်။ ယင်းထောက်ခံစာကို ကျွန်တော်ယူပြီးအိတ်ထဲသို့ ထည့်လိုက်ပါသည်။ ကျွန်တော်အိပ်အပြင်သို့ထွက်ခါနီးတွင် မစ္စတာအင်သွန်က ကျွန်တော့်ကိုပြန်ခေါ်ပြီး၊ ထိုလူငယ်သည် ရှေးပြားများကို မည်သည့်နေရာတွင် မည်ကဲ့ သို့တွေ့ရှိရကြောင်းမေးမြန်းပါသည်။ ဘုရားသခင်၏ ကောင်းကင်တမန်တော် တစ်ပါးကသူ့ကိုပြောပြခြင်းဖြစ်သည်ဟု ကျွန်တော်ကဖြေလိုက်ပါသည်။

"ထိုအခါသူက 'ဟိုထောက်ခံစာလေး ခဏပြပါဦး' ဟုကျွန်တော့်ကိုပြောပါသည်။ ကျွန်တော်လည်း အိတ်ထဲမှထုတ်ပြီးသူ့ကိုပေးလိုက်ပါသည်။ ယခုအခါတွင် ကောင်းကင်တမန်တော်ကအကူအညီပေး သည်ဆိုခြင်းမျိုးမရှိတော့ကြောင်းပြောကြားပြီး သူကယင်းထောက်ခံစာကို အပိုင်းပိုင်းဆွဲဆုတ်ပစ်လိုက်ပါသည်။ ယင်းရှေးပြားများကို ယူလာလျှင်၊ သူဘာသာပြန်ပေးမည်ဟု သူကပြောပါသည်။ ရှေးပြားတစ်စိတ် တစ်ဒေသမှာ အသေပိတ် ထားပြီး ယင်းတို့ကို ကျွန်တာ်ယူလာခွင့် မရှိအောင်ပိတ်ပင်ထားကြောင်း ကျွန်တော်သူ့ကိုအသိပေးလိုက်ပါသည်။ 'ဖွင့်မရအောင် အသေပိတ်ထားတဲ့စာအုပ်ကိုကျွန်တော်မဖတ်နိုင်ဘူး' ဟုသူက ပြန်ဖြေပါသည်။ ကျွန်တော်သူ့ဆီက ထွက်လာကာဒေါက်တာမစ်ချဲ ထံသွားပါသည်။ စာသား အက္ခရာနှင့်ဘာသာပြန်ပုံနှစ်မျိုးစလုံးနှင့်ပတ်သက်၍ ပါမောက္ခ အင်သွန်ပြောထားသည့်အတိုင်းပင် သူကပြောပါသည်။"

၁၈၂၉ ခုနှစ် ဧပြီလ(၅)ရက်နေ့တွင်၊ ကျွန်တော်တစ်ခါမှ မ

မြင်ဖူးသော အော်လီဗာကောင်ဒရီသည် ကျွန်တော်၏အိမ်သို့ ရောက်လာပါသည်။ ကျွန်တော်၏ ဖခင်နေထိုင်သောရပ်ကွက်ရှိကျောင်းတွင် စာသင်နေခဲ့သူဖြစ်ကြောင်း သူက ပြောပြပါသည်။ ကျွန်တော်၏ဖခင်က ကလေးများကို သူ၏ကျောင်းသို့ စေလွှတ်ပါသည်။ သူသည် ကျွန်တော့်ဖခင်၏ အိမ်တွင်တစ်နှစ် တည်းခိုနေထိုင်ခဲ့စဉ်၊ ကျွန်တော် ဝ
ရှပြားပုရပိုက်ရရှိခြင်းနှင့် ပတ်သက်၍ မိသားစုများက
သူ့အားပြောပြခဲ့ရာ သူကကျွန်
တော့်ထံလာ ရောက်စုံစမ်းမေးမြန်းခြင်းဖြစ်သည်ဟု သူကပြောပါသည်။

မစ္စတာ ကောင်ဒရီ ရောက်လာပြီးနောက် နှစ်ရက်အကြာ [ဧပြီလ(၇)ရက်နေ့]တွင် ကျွန်တော် မော်မွန်ကျမ်းစာအုပ်ကို စတင်ဘာသာပြန်ဆိုရာ သူကကျွန်တော့်ကိုရေးသားပေးပါသည်။

## လွှဲအပ်သောအခွင့်အာဏာတော် ပြန်လည်ချပေးခြင်း။

နောက်လ (၁၈၂၉ ခုနှစ်မေလ)တွင် ကျွန်တော်တို့ဘာသာပြန်လုပ်ငန်းကို ဆက်လက်လုပ်ဆောင်နေစဉ်၊ တစ်နေ့သောအခါတွင် ဆုတောင်းရန်နှင့်ရှေပြားများဘာသာပြန်ရာတွင် ဖော်ပြထားသည်ကို ကျွန်တော်တို့တွေ့ရှိရသဖြင့် အပြစ်လျော့နည်းခွင့်လွှတ်ခံရစေရေးအတွက် နှစ်ခြင်းခံသည့်ကိစ္စကို ဘုရားသခင်အား မေးမြန်းရန် ကျွန်တော်တို့တောထဲသို့သွားကြပါသည်။ ထိုသို့ ကျွန်တော်တို့ဆုတောင်းယင်း ဘုရားသခင်ကို တောင်းခံနေစဉ်၊ ကောင်းကင်မှ တမန်တော် တစ်ဦး အလင်းရောင်ထုထဲမှဆင်းသက်လာကာ ကျွန်တော်တို့ အပေါ်လက်ကိုတင်၍ ကျွန်တော်တို့ကို လွှဲအပ်သည့်အခွင့်အာဏာပေးသည့် လက်တင်မင်္ဂလာပြုလုပ်ပါသည်။ သူက ဤကဲ့သို့ပြောကြားပါသည်။

*ကျွန်ုပ်၏အပေါင်းအဖော် အစေတော်ခံများဖြစ်သော သင်တို့အပေါ်၊ မေရှိယအရှင်၏နာမတော်အားဖြင့်၊ အာရုန်လွှဲအပ်*

*သောအခွင့်အာဏာတော်ကို ကျွန်ုပ် အပ်နှင်းလိုက်ပါသည်။ ကောင်းတမန်တော်များ ၏အကူအညီကိုရပိုင်ခွင့်ရှိသောသော့ ချက်၊ နောင်တတရား၏ နှုတ်ကပါဌ်တော်အတိုင်းဆောင် ရွက်ပိုင်ခွင့်သော့ချက်နှင့်အပြစ်များ လျော့နည်းပပျောက်စေ ရန် ရေထဲသို့နှစ်ခြင်းဖြင့် နှစ်ခြင်းမင်္ဂလာပေးပိုင်ခွင့်ရှိသော အခွင့်အာဏာ၏သော့ချက်များကို ဤအာရုန်လွှအပ်သောအခွင့် အာဏာတော်ကရရှိ ထားပါသည်။ လေဝိ ၏သားများက ဘုရား သခင်ထံ ကောင်းမြတ်စွာဖြင့် ပူဇော်သက္ကာရများတင်မြှောက် ချိန်အထိ ဤလွှအပ် အခွင့်အာဏာတော်ကို ကမ္ဘာမြေကြီးပေါ်မှ မည်သည့်အခါမျှ ရုပ်သိမ်းသွားခွင့်မပြုရ။*

အာရုန်လွှအပ်သောအခွင့်အာဏာတော်သည် လက်တင်ပြီး သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးပေးပိုင်ခွင့်မရှိ ကြောင်း၊ သို့သော် ယင်းအခွင့်အာဏာတော်ကို နောက်ပိုင်း တွင် ကျွန်တော်တို့ အားချီးမြှင့်မည်ဖြစ်ကြောင်း သူကပြောပြပါ သည်။ ကျွန်တော် တို့ကို နှစ်ခြင်းမင်္ဂလာသွားရောက်ခံယူကြရန် သူက အမိန့်ပေးပါသည်။ ကျွန်တော်က အော်လီဗာ ကောင် ဒရီအားနှစ်ခြင်း မင်္ဂလာပေးရန်နှင့် ထို့နောက်တွင် သူက ကျွန် တော့်ကို နှစ်ခြင်းမင်္ဂလာ ပြန်ပေးရန် ညွှန်ကြားချက်များကို သူ ကပေးပါသည်။

ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့သွား၍ နှစ်ခြင်းမင်္ဂလာခံ ကြပါသည်။ ကျွန်တော်က သူ့ကိုပထမဆုံးနှစ်ခြင်းမင်္ဂလာပေး ပြီးနောက် သူကကျွန်တော့်ကို နှစ်ခြင်းမင်္ဂလာပေးပါသည်။ ထို့ နောက်တွင် ကျွန်တော်ကသူ့ခေါင်းပေါ်တွင် လက်ကိုတင်ကာ သူ့အား အာရုန်ဘုန်းတော်ကြီးအဖြစ် လက်တင်မင်္ဂလာပေးပါ သည်။ ယင်းနောက်တွင် သူက ကျွန်တော့်အပေါ်တွင်လက်တင် ၍အလားတူဘုန်းတော်ကြီးအဖြစ် လက်တင်မင်္ဂလာပေးပါသည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော်တို့ကို ဤသို့လုပ်ဆောင်ရ မည်ဟု အမိန့်ပေးထားခြင်းကြောင့်ဖြစ်ပါသည်။

ဤတစ်ကြိမ်တွင် ကျွန်တော်တို့ထံလာရောက်ပြီး၊ ကျွန်တော်တို့ ကိုလွှအပ်သောအခွင့်အာဏာတော်ချီးမြှင့်သူ တမန်တော်က သူ ၏ အမည်မှာ ဓမ္မသစ်ကျမ်းတွင် နှစ်ခြင်းဆရာယောဟန်ဟု ခေါ်ဆိုထားသော သူဖြစ်ကြောင်း၊ မေလခိဇေဒက် လွှအပ် သောအခွင့်အာဏာတော်ကို ပေးပိုင်ခွင့်ရှိသောသော့ချက်ရှိ

သည့် ရှင်ပေတရု၊ ရှင်ယာကုပ်နှင့် ရှင်ယောဟန်တို့၏ ညွှန်ကြားချက်အရ သူလာရောက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောပြပါသည်။ ယင်းလွှဲအပ်သောအခွင့်အာဏာတော်ကိုလည်း အချိန်တန်လျှင် ကျွန်တော်တို့အားချီးမြှင့်မည်ဖြစ်ကြောင်း၊ ကျွန်တော့်ကို အသင်းတော်၏ ပုလသင်းအုပ် ဟုလည်းကောင်း၊ သူ့ကို(အော် လီဗာ ကောင်ဒရီ ကို) ဒုတိယသင်း အုပ်ဟုလည်းကောင်း၊ ခေါ်ရမည် ဖြစ်ကြောင်း၊ သူကပြောကြားပါသည်။ ကျွန်တော်တို့ကို ဤတမန်တော်၏လက်ဖြင့် လက်တင်မင်္ဂလာပေးပြီး လွှဲအပ်သောအခွင့်အာဏာတော်ပေးကာ နှစ်ခြင်းပေးခဲ့သည့်နေ့ရက်မှာ ၁၈၂၉ခုနှစ် မေလ(၁၅)ရက်နေ့ဖြစ်သတည်း။

ကျွန်တော်တို့နှစ်ခြင်းမင်္ဂလာခံယူပြီး ရေထဲမှထလိုက်သည့်အခါ ချက်ချင်းပင် ကောင်းကင်ဘုံရှင် ဖခမည်းတော်ထံမှ ကြီးမားမြင့်မြတ်သော ကောင်းကြီးကို ကျွန်တော်တို့ခံစားရပါသည်။ ကျွန် တော် အော်လီဗာ ကောင်ဒရီကို နှစ် ခြင်းမင်္ဂလာပေးပြီးလျှင်ပြီးချင်း၊ သူ့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော် သက်ရောက်ကာသူသည်ထ၍ မကြာမီ မုန်ကန်ကြောင်းတွေ့ရမည့်အကြောင်း အရာအတော်များများကို ဗျာဒိတ်ပေး ဟောကြားပါသည်။ ကျွန်တော့်ကို သူက နှစ်ခြင်းမင်္ဂလာပေးပြီးလျှင် ပြီးချင်း ကျွန်တော်သည်လည်း ဗျာဒိတ်ပေးနိုင်သည့် စိတ်ဓါတ်ကိုရရှိလာပါသည်။ ကျွန်တော်ထလာသောအခါ၊ အသင်းတော်ပေါ်ထွန်းလာမည့်ကိစ္စ၊ အသင်းတော်နှင့်စပ်ဆိုင်သောအခြားအရာ အတော်များများနှင့် ဤမျိုးဆက်မှလူများ၏ကလေးများနှင့်ဆိုင် သောအကြောင်း အရာများကို ကျွန်တော်က ဗျာဒိတ်ပေးခဲ့ပါသည်။ ကျွန်တော်တို့ကို သန့်ရှင်းသောဝိညာဉ်တော်က လွှမ်းခြုံထားပြီး ဘုရားသခင်က ကျွန်တော်တို့ကို ကယ်တင်သည့်အတွက် ပျော်ရွှင်လျက်ရှိပါသည်။

ကျွန်တော်တို့၏စိတ်များသည် ယခုအခါဝိညာဉ်ပိုင်းဆိုင်ရာနားလည်မှုများရရှိ လာပြီဖြစ်၍၊ သမ္မာကျမ်းစာများကို ကျွန်တော်တို့စတင်နားလည်ရန် လမ်းပွင့်သွားပြီဖြစ်ပါသည်။ ကျမ်းစာများမှပို၍ နက်နဲသော စာပိုဒ်များ၏စစ်မှန်သောအဓိပ္ပါယ်များနှင့်ရည်ရွယ်ချက်ကို ကျွန်တော်တို့ယခင်ကမရ နိုင်သောပုံစံမျိုးဖြင့်လည်းကောင်း၊ ကျွန်တော်တို့ တွေးပင်မတွေးမိနိုင်သော ပုံစံမျိုးဖြင့်လည်းကောင်း၊ ဖွင့်လှစ်ပြသွားပါသည်။

အနီးပတ်ဝန်းကျင်တွင် ပေါ်လွင်ထင်ရှားနေပြီးဖြစ်နှင့်သော အနှောက်အ ယှက်ပေးလိုသည့် စိတ်ဓါတ်ရှိနေကြခြင်းကြောင့် ကျွန်တော်တို့ လွှအပ်သောအခွင့်အာဏာတော်ရရှိခြင်းနှင့် နှစ်ခြင်းမင်္ဂလာခံပြီးခြင်းကို ယင်းအခိုက်အတန့်တွင် လျှို့ဝှက်ထားလိုက်ရပါသည်။

ကျွန်တော်တို့ကို လူအုပ်နှင့်ဝိုင်းအုံတိုက်ခိုက်မည်ဟုမကြာခဏ ခြိမ်းခြောက်ခံခဲ့ရပါသည်။ ယင်းသည်လည်းဘာသာရေးနှင့် ဆိုင်သောဆရာများပင်ဖြစ်နေပါသည်။ ကျွန်တော်တို့ကို ဝိုင်းဝန်းတိုက်ခိုက်လိုသည့် သူတို့၏ရည်ရွယ်ချက်ကို ကျွန်တော့် ယောက္ခမ မိသားစု၏ဩဇာလွှမ်းမိုးမှုကသာ ပြန်လည်ဟန့်တားထားနိုင်ခဲ့ပါသည်။ (ဘုရားသခင်၏ဂရုစိုက်မှုနှင့်လမ်းညွှန်မှုဖြင့်) သူတို့မိသားစုသည် ကျွန်တော့်အပေါ် အလွန်ချစ်ခင်မေတ္တာထားကြကာ၊ လူအုပ်နှင့်ဝိုင်းအုံတိုက်ခိုက်ခြင်းကိုဆန့်ကျင်ကြပါသည်။ ကျွန်တော်၏ဘာသာ ပြန်အလုပ်ကို အနှောက်အယှက်မရှိဆက်လက် လုပ်ခွင့်ပြုရန် သူတို့ကလိုလားပါသည်။ ထို့ကြောင့်၊ မတရားသည့် လုပ်ဆောင်မှု အားလုံး၏ဘေးရန်ကို သူတို့တတ်နိုင် သမျှအတိုင်းအတာအထိ အစွမ်းကုန် အကာအကွယ်ပေးမည်ဟု ကျွန်တော်တို့ကို ကတိပြုကမ်းလှမ်းထားပါသည်။ (ယောသပ်ဝမစ်-သမိုင်း ၁း၃-၇၅)

## ပျက်ပြင်သက်သေများ။

ဘာသာပြန်သည့်လုပ်ငန်းကို လုပ်ကိုင်နေစဉ်၊ ဘုရားသခင်က အထူးပျက်ပြင်သက်သေသုံးယောက် သတ်မှတ်ပေးမည်ကို ကျွန်တော်တို့သိရှိလာပါသည်။ ဘာသာပြန်ယူရမည့် မော်မွန်ကျမ်းပါရှိသောရွှေပုရပိုက်များကို သူတို့အား ဘုရား သခင်က ကြည့်ရှုခွင့်ပြုမည်ဖြစ်ပါသည်။ မော်မွန်ကျမ်း။ သော ၅း၂-၄ နှင့်၂နေဖိုင် ၂၇း၁၂ ထဲတွင် မှတ်တမ်းတင်ထားသည်ကိုတွေ့ရသည့်အတိုင်း၊ ဤပျက်ပြင်သက်သေများက မှတ်တမ်းတင်ခဲ့ရမည်ဖြစ်သည်။ ဤအချက်ကို ကျွန်တော်တို့သိ ရှိပြီးသည်နှင့်တစ်မှုဟုတ်ချင်းဆိုသလို၊ ဘုရားသခင်ထံ ကျွန်တော့်အား အချက်တစ်ချက် မေးမြန်းလျှောက်ထားခိုင်းမည်ဟု အော်လီဗာကောင်ဒရီ၊ ဒါဝိဒ်ဝှစ်မာနှင့် မာတင်ဟဲရစ်တို့၏စိတ်ထဲတွင် ပေါ်ပေါက်လာပါသည်။ သူတို့ကလျှောက်ထားစေလိုသော အချက်

မှာ၊ သူတို့အနေဖြင့် ထိုအထူးမျက်မြင်သက်သေသုံးယောက်ဖြစ်ရသောအခွင့်ထူးကို ရနိုင်မလားဟူသော အချက်ပင်ဖြစ်ပါသည်။ [ဘုရားသခင်ထံ မေးမြန်းကြည့်ရာ၊ ဤလူသုံးဦးသည်ပင် အထူးသက်သေဖြစ်ရမည်ဟုသိရပါသည်။]

ရက်များမကြာမီ၊ သူတို့ရွှေပုရပိုက်များကိုကြည့်ရှုခွင့်ရမည်ဟူသော ကတိအတိုင်းပြည့်ဝစေရန် စိတ်တက်ကြွစွာနှင့်ရိုကျိုးစွာဆုတောင်းရန်အတွက် မာတင်ဟဲရစ်၊ ဒါဝိဒ်ဝှစ်မာ၊ အော်လီဗာကောင်ဒရီနှင့်ကျွန်တော်တို့သည် တောထဲသို့ သွားကြရန်သဘောတူကြပါသည်။ ကျွန်တော်တို့က မစ္စတာဝှစ်မာ၏အိမ်မှသွားရန် အဆင်ပြေသော တောတွင်းတစ်နေရာကို ရွေးလိုက်ပါသည်။ ထိုနေရာသို့ သွားပြီး ဒူးထောက်ကာ၊ ကတိအတိုင်းလုပ်ဆောင်နိုင်ခွင့်ပေးပါရန်၊ တန်ခိုး ကြီးမြတ်တော်မူသောဘုရားသခင်ထံယုံကြည်စွာ စတင်ဆုတောင်းကြပါသည်။

စောစောကကြိုတင်စီစဉ်ထားသည့်အတိုင်း၊ ကျွန်တော်က ကောင်းကင်ဘုံရှင်ဖခမည်းတော်ထံအသံထွက်အောင်စတင် ဆုတောင်းပါသည်။ ထို့နောက်မှ ကျန်တစ်ယောက်စီအလှည့်ကျ ဆက်လက်ဆုတောင်းကြပါသည်။ သို့သော်လည်း၊ ပထမကြိုးစားသည့်အကြိမ်တွင် ဘုရားသခင်ထံမှ ပြေကြားချက်သော်လည်းကောင်း၊ တစ်စုံတစ်ရာတုံ့ပြန်ဖော်ပြချက်သော်လည်းကောင်း မရဘဲရှိပါသည်။ ပထမတစ်ကြိမ်က အစီအစဉ်အတိုင်းတစ်ယောက်စီအလှည့်ကျ ဘုရားသခင်ထံ ထပ်မံ၍စိတ်အားထက်သန်စွာဆုတောင်းပြန်ပါသည်။ သို့သော်လည်း၊ မူလကအတိုင်းပင် ဘာအဖြေမှမရဘဲ ရှိပြန်ပါသည်။

ဤကဲ့သို့ ဒုတိယအကြိမ်မအောင်မြင်ဘဲရှိသည်အခါ၊ မာတင်ဟဲရစ်က မိမိရှိနေခြင်းကြောင့်သာ ကျွန်တော်တို့လိုလားသောအချက်ကိုမရသည့်အကြောင်းရင်းဖြစ်မည်ဟုယုံကြည်သဖြင့် ကျွန်တော်တို့အုပ်စုမှ ဖယ်ခွါသွားမည်ဖြစ်ကြောင်း အဆိုပြုပါသည်။ သူထွက်ခွါသွားပြီး ကျွန်တော်တို့ဒူးထောက်ကြပြန်ပါသည်။ ဆုတောင်း၍တစ်ခဏမျှမကြာမီ ကျွန်တော်တို့အထက်၊ လေထဲတွင် အထူးတလည်တောက်ပသော အလင်းရောင်ကိုတွေ့ရပါသည်။ ကျွန်တော်တို့ရှေ့တွင် ကောင်းကင်တမန်တော်တစ်ပါး ရပ်နေသည်ကိုလည်း ရုတ်တရက်တွေ့ရပါသည်။ သူ၏ လက်ထဲတွင် ရွှေပုရပိုက်များကိုကိုင်ထားပါသည်။

ရှေပြားများကို ကျွန်တော်တို့မြင်ရပြီး၊ ရေးထွင်း ထားသော အက္ခရာများကို ထင်ထင်ရှားရှားတွေ့ရစေရန် သူက တစ်ရွက် ချင်းလှန်ပြပါသည်။ ထိုနောက် သူက ဒါဝိဒ်ဝှစ်မာကိုလှမ်း ပြောပါသည်။ "ဒါဝိဒ်၊ ဘုရားသခင်နှင့်ဘုရားသခင်၏ပညတ် တော်များကိုထိန်းသိမ်း သူသည် ကောင်းကြီးမင်္ဂလာရှိစေသ တည်း။" ဟုသူကပြောပါသည်။ ချက်ချင်းပင် ကျွန်တော်တို့ အထက်ရှိတောက်ပသော အလင်းရောင်ထဲမှ အသံတစ်သံထွက် ပေါ်လာသည်ကိုကြားရပါသည်။ "ဤရှေပြားများကို ဘုရား သခင်၏တန်ခိုးတော်ဖြင့် ဖွင့်လှစ်ပြ ခြင်းဖြစ်သည်။ ဘုရား သခင်၏ တန်ခိုးတော်ဖြင့်ဘာသာပြန်ထား ခြင်း လည်းဖြစ် သည်။ သင်တို့မြင်ရသောဘာသာပြန်သည် မှန်ကန်ပါသည်။ သင်တို့ယွမြင်ကြားရသမျှကို မှတ်တမ်းတင်ထားရန် သင်တို့ကို ကျွန်ုပ်အမိန့်ပေးတော်မူသည်။"

ဒါဝိဒ်နှင့်အော်လီဗာထံမှ ကျွန်တော်ခွဲခွာလာကာ၊ မာတင် ဟဲရစ် နောက်သို့လိုက်ရှာပါသည်။ အတော်ကလေးကွာသော နေရာတွင် စိတ်အားထက်သန်စွာဆုတောင်းနေသည်ကို ကျွန် တော်တွေ့ရပါသည်။ သို့သော်၊ ဘုရားသခင်ထံမှခွင့်ပြုချက် မရသေးကြောင်း၊ ကျွန်တော်တို့မကြာမီက ရရှိသောကောင်း ကြီးမင်္ဂလာကို သူလည်းရရှိအောင် ဝိုင်း၍ဆုတောင်းပေးစေ လိုကြောင်း သူက ကျွန်တော့်ကို အနူးအညွတ်မေတ္တာရပ်ခံပါ သည်။ ယင်းနောက်တွင် ကျွန်တော်တို့အတူတကွပါဝင်ဆု တောင်းကြရာ နောက်ဆုံးတွင် ကျွန်တော်တို့လိုအင်ပြည့်ဝသွား ပါသည်။ စောစောကအတိုင်း ပြန်၍မြင်ရကြားရပြန်ပါသည်။ အနည်းဆုံး ကျွန်တော်တော့မြင်ရပါသည်။ တစ်ချိန်တည်း လောက်မှာပင် မာတင်ဟဲရစ်က "လုံလောက်သွားပြီ၊ လုံ လောက်သွားပြီ။ ကျွန်တော့်မျက်လုံးနဲ့မြင်ရတယ်။ ကျွန်တော့် မျက်လုံးနဲ့မြင်ရတယ်။" ဟုဝမ်းမြောက်ဝမ်းသာခုန်ပေါက် အော်ဟစ်ပါသည်။ ဘုရားသခင်ကို ချီးကျူး လေးစားသော အားဖြင့် သူက "ဟောရှဏ္ဏ" ဟုအော်ဟစ်လိုက်ပြီး လွန်ကဲစွာ ပျော်ရွှင် မြူးတူးနေပါတော့သည်။

ဘုရားသခင်၏သနားကြင်နာမှုအားဖြင့် ဤထူးမြတ်သောထုတ် ဖော်ပြသမှုများကို တွေ့မြင်ရပြီးနောက်၊ ဤပုဂ္ဂိုလ်တို့သည် သူ တို့ရရှိထားသော အမိန့်အတိုင်း ဤအရာများကို မှတ်တမ်းတင် ပေးရန်ကိစ္စကိုသာဖြည့်ဆည်းဖို့ ကျန်ရှိနေပါတော့သည်။

၌ကိစ္စပြီးမြောက်စေရန်၊ သူတို့သည်အောက်ပါစာသားကိုရေး သားခဲ့ကြပါသည်။

## ပျက်ပြင်သက်သေသုံးယောက်၏ သက်သေခံချက်။

"၌ကျမ်းစာရောက်ရှိလာမည့်နိုင်ငံအားလုံး၊ မျိုးနွယ်အားလုံး၊ ဘာသာစကား အားလုံးနှင့် လူမျိုးအားလုံးသိသာရန်မှာ။ ဘုရားသခင်ဖခမည်းတော်နှင့်ကျွန်တော်တို့၏သခင်ယေရှုခရစ်တို့၏ကျေးဇူးတော်မြတ်အားဖြင့်၊ နေဖိုင်မျိုးနွယ်၊ သူတို့၏ညီအစ်ကို လာမန်မျိုးနွယ်များနှင့်၊ (မော်မွန်ကျမ်း၏နိဒါန်းတွင် ဖော်ပြထားသော) မျှော်စင်မှလာသော ယာရက်လူမျိုးများ၏ မှတ်တမ်းဖြစ်သော ၌မှတ်တမ်းများပါရှိသည့် ရွှေပြားများကို ကျွန်တော်တို့မြင်တွေ့ရပါသည်။ ကိုယ်တော်၏အသံက ကျွန်တော်တို့ကို ကြေညာခဲ့ပြောကြားခဲ့ခြင်းကြောင့်၊ ယင်းတို့ကို ဘုရားသခင်၏ဆုကျေးဇူးနှင့်စွမ်းရည်အားဖြင့် ဘာသာ ပြန်ဆိုခဲ့သည်ကို ကျွန်တော်တို့သိရှိပါသည်။ သို့ဖြစ်၍၊ ယင်းတို့သည် အစစ်အမှန်ဖြစ်သည်ကို ကျွန်တော်တို့သေချာပေါက်သိရှိပါသည်။ ယင်းရွှေပြားများပေါ်ရှိထွင်းထား သော စာလုံးများကိုလည်း ကျွန်တော်တို့ မြင်တွေ့ရကြောင်း၊ ယင်းတို့ကိုလူသားက ပြသခြင်းမဟုတ်ဘဲ၊ ကျွန်ုပ်တို့အား ဘုရားသခင်က ပြသခြင်းဖြစ်ကြောင်း ကျွန်တော်တို့သက်သေခံထွက်ဆိုပါသည်။ ဘုရားသခင်၏ ကောင်းကင်တမန်တော် တစ်ဦးကကောင်းကင်မှဆင်းသက်လာကြောင်း၊ သူက ယူဆောင်လာပြီး ကျွန်တော်တို့၏ မျက်စိရှေ့တွင်ချထားကြောင်း ၊ ရွှေပုရပိုက်များနှင့်ယင်းတို့ပေါ်တွင် ရေးထိုးထားသော စာသားများကို ကျွန်တော်တို့ကြည့်ရှုမြင်တွေ့လိုက်ရကြောင်း၊ ၌အရာများမှာ အမှန်ပင်ဖြစ်သည်ကို ကျွန်တော်တို့ မြင်တွေ့ပြီး ယခုမှတ်တမ်းတင်ရခြင်းမှာ ဘုရားသခင်ဖခမည်းတော်နှင့် ကျွန်တော်တို့၏သခင်ယေရှုခရစ်တော်တို့ ၏ကျေးဇူးတော်အားဖြင့် ဖြစ်သည်ကို ကျွန်တော်တို့သိရှိပါကြောင်း ကျွန်တော်တို့လေးနက်စွာ ကြေညာအပ်ပါသည်။ ယင်းတို့သည် ကျွန်တော်တို့၏မျက်လုံးထဲတွင် ထူးဆန်းအံ့ဩဖွယ်ဖြစ်နေပါသည်။ သို့သော်လည်း၊ ယင်းကို မှတ်တမ်းတင်ရေးသားရမည်ဟုဘုရားသခင်၏အသံတော်ကအမိန့်ပေးခဲ့သဖြင့်၊ ဘုရားသခင်၏အမိန့်ကို နာခံသောအားဖြင့်၊ ၌အ

"ပုရပိုက်များကို ကျွန်တော်တို့မြင်တွေ့

ကြည့်ရှုရပြီး ၎င်းအရာများသည်အမှန်ဖြစ်

ကြောင်း မှတ်တမ်းတင်ပါသည်။"



ရာများ ကိုသက်သေခံအပ်ပါသည်။ ကျွန်တော်တို့သည်ခရစ်တော်ကို သစ္စာရှိလျှင်၊ ကျွန်တော်တို့၏ ဝတ်ရုံမှလူသားအားလုံး၏အသွေးတို့ကို ဖယ်ရှားပစ်နိုင်မည်ဖြစ်ပြီး ခရစ်တော်၏တရားစီရင်ရာနေ့တွင် အပြစ်အနာအဆာတစ်စက်မျှတွေ့ရမည်မဟုတ်ဘဲ၊ ကိုယ်တော်နှင့်အတူ ကောင်းကင်ဘုံတွင် ထာဝရအတူနေရလိမ့်မည်ကို ကျွန်တော်တို့သိရှိပါသည်။ ဘုရားတစ်ဆူတည်းဖြစ်တော်မူသော ခမည်းတော်၊ သားတော်နှင့်သန့်ရှင်းသောဝိညာဉ်တော်အား ဂုဏ်တော်ကြီးမြတ်ပါစေသတည်း။ အာမင်"

အော်လီဗာကောင်ဒရီ
ဒါဝိဒ်ဝှစ်မာ
မာတင်ဟဲရစ်

ဤကိစ္စများပြီးစီးသွားသောအခါ၊ နောက်ထပ်အောက်ပါသက်သေခံချက်ကို ရရှိပြန်ပါသည်။

## မျက်မြင်သက်သေရှစ်ဦး၏သက်သေခံချက်။

"ဤကျမ်းစာရောက်ရှိလာမည့်နိုင်ငံအားလုံး၊ မျိုးနွယ်အားလုံးဘာသာအားလုံးနှင့် လူမျိုးအားလုံးသိသာရန်မှာ။ ဤကျမ်းစာကိုဘာသာပြန်သူ ယောသပ် စမစ်ဂျူနီယာက၊ ပြောထားပြီးဖြစ်သော ရွှေအသွင်သဏ္ဌာန်မျိုးရှိသည့်ပုရပိုက်များကို ကျွန်ုပ်တို့အားပြသခဲ့ပါသည်။ စမစ်ဘာသာပြန်သမျှ အပြားအရေအတွက်အားလုံးကို ကျွန်ုပ်တို့၏လက်ဖြင့်ကိုင်တွယ်ခဲ့ရပါသည်။ ယင်းအပြားများပေါ်တွင် ပါရှိသောထွင်းထားသည့် အက္ခရာများမှာ ရှေးရိုးနုးညံ့သိမ်မွေ့သည့်လက်ရာအသွင်သဏ္ဌာန်ရှိသည်ကိုလည်း ကျွန်ုပ်တို့တွေ့ရပါသည်။ အဆိုပါစမစ် ကကျွန်ုပ်တို့အားပြသကြောင်း၊ ကျွန်ုပ်တို့တွေ့မြင်ပြီး ချင့်ချိန်ကြည့်ရာ၊ ကျွန်ုပ်တို့ပြောနေသော ပုရပိုက်များအားအဆိုပါ စမစ်ကရရှိခဲ့သည်ကို အတိအကျသိရှိကြကြောင်း ကျွန်ုပ်တို့လေးနက်သော စကားရပ်ဖြင့် ဤမှတ်တမ်းကိုရေးသားအပ်ပါသည်။ ထို့အပြင်၊ ကျွန်ုပ်တို့တွေ့ မြင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးကို သက်သေခံရန်၊ တစ်ကမ္ဘာလုံးသို့ကျွန်ုပ်တို့၏အမည်များကို ဖော်ပြအပ်ပါသည်။ ကျွန်ုပ်တို့ လိမ်ညာခြင်းမပြုကြောင်း ဘုရားသ

"ယောသပ်စမစ် ဂျူနီယာက

ကျွန်ုပ်တို့ကိုပုရပိုက်များ ပြသခဲ့ပါသည်။

သို့ဖြစ်၍ ... ကျွန်ုပ်တို့မြင်တွေ့ခဲ့ရကြောင်း

တစ်ကမ္ဘာလုံးသို့သက်သေခံအပ်ပါသည်။"



ခင် အားသက်သေတည်အပ်ပါသည်။

ခရစ်ယာန် ဝုစ်မာ
ယာကုပ် ဝုစ်မာ
ပေတရု ဝုစ်မာ ဂျူနီယာ
ယောဟန် ဝုစ်မာ
ဟီရမ် ပေ့
ယောသပ် စမစ် စီနီယာ
ဟိုင်ရမ် စမစ်
ဆမြူရယ် အိပ်ချ် စမစ်

ကျွန်ုပ်တို့ကို အာရုန် လွှဲအပ်သောအခွင့်အာဏာတော်ပေးအပ်ချီးမြှင့်ခဲ့သော ကောင်းကင်တမန်တော်၏ ကတိအတိုင်း ဖြစ်လိုသောဆန္ဒများ ယှဉ်အခါတွင် ကျွန်ုပ်တို့၌စိတ်အားထက်သန်လာပါသည်။ ကျွန်တော်တို့ဆက်လက်၍ သစ္စာရှိနေလျှင်၊ သန့်ရှင်းသောဝိညာဉ်တော် ဆုကျေးဇူးကို လက်တင်၍ပေးအပ်နိုင်သော အခွင့်အာဏာရှိသည့် မေလခိဇေဒက် လွှဲအပ်သောအခွင့်အာဏာတော်ကိုလည်း ရလိမ့်မည်ဟူသောကတိကို ဆိုလိုပါသည်။

(ထို့နောက်ပိုင်းတွင်၊ ပင်ဆာဗေးနီးယားပြည်နယ်၊ စပ်စကွီဟာနာခရိုင်၊ ဟာမိုနီမြို့နှင့် နယူးယောက်ပြည်နယ်၊ ဘရွမ်းခရိုင်၊ ကိုလက်ဗီးမြို့အကြားရှိ စပ်စကွီဟာနာမြစ်ကမ်းတစ်နေရာ၌ ရှင်ပေတရု၊ ရှင်ယာကုပ်နှင့်ရှင်ယောဟန်တို့၏လက်မှ မေလခိဇေဒက် လွှဲအပ်သောအခွင့်အာဏာတော်ကိုရရှိခဲ့သည်ဟု ပရောဖက်က ကြေညာခဲ့ပါသည်။)

## အသင်းတော်တည်ထောင်ပြီ။

မော်မွန်ကျမ်းကို ပုံနှိပ်သူလက်သို့ပေးပို့ထားစဉ်၊ ကျွန်တော်တို့သည်၊ အခွင့်ရလျှင်ရသလို ဆက်လက်၍ သက်သေခံပြီး သတင်းများပေးခဲ့ပါသည်။ အသင်းတော်ဖွဲ့စည်းတည်ထောင်ရန် အမိန့်ရထားကြောင်း ကျွန်တော်တို့၏ညီအစ်ကိုများကိုလည်း အသိပေးခဲ့ပါသည်။ ဤကိစ္စအတွက် ၁၈၃၀ ပြည့်နှစ် ဧပြီလ (၆) ရက် အင်္ဂါနေ့တွင် ကျွန်တော်တို့ (အရေအတွက်အားဖြင့် ၆

မေလခိဇေဒက် လွဲအပ်သောအခွင့်

အာဏာတော်ကို ရှင်ပေတရု၊ ရှင်ယာကုပ်နှင့်

ရှင်ယောဟန်တို့လက်မှရရှိပါသည်။



ယောက်) သည် မစ္စတာပေတရ ဂုစ်မာ စီနီယာ၏အိမ်၌တွေ့ဆုံကြပါသည်။ ကောင်းကင်ဘုံရှင်ဖခမည်းတော်ထံ လေးနက်စွာ ဆုတောင်းခြင်းဖြင့် အစည်းအဝေးကို ဖွင့်လှစ်ပြီးလျှင်၊ ယခင်က ရရှိထားသော အမိန့်အရ ကျွန်တော်တို့အစည်းအဝေးဆက် လက်ကျင်းပပါသည်။ ကျွန်တော်တို့၏ညီအစ်ကို အားလုံးက ဘုရားသခင်၏နိုင်ငံတော်နှင့်စပ်ဆိုင်သော ကိစ္စများတွင် ကျွန်တော်တို့ကို ဆရာများ အဖြစ်လက်ခံ၊ မခံသိရှိရန်နှင့် ကျွန်ုပ်တို့ ရရှိထားသော အမိန့်အတိုင်း အသင်းတော်ကို ကျွန်ုပ်တို့ ဆက်လက်ဖွဲ့စည်းမည် ဆိုပါက၊ ကျေနပ်မှုရှိမရှိသိရှိရန် အားလုံးကို မေးမြန်းပါသည်။ ဤအဆိုပြုချက်များကို သူတို့အားလုံးက တညီတညွတ်တည်း ထောက်ခံသဘောတူကြပါသည်။ ထိုနောက် ကျွန်တော်က အော်လီဗာကောင်ဒရီ ကိုယ်ပေါ်သို့ လက်တင်၍ သူ့အား "ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သူတော်စင်များ အသင်းတော်" ၏သင်းအုပ်အဖြစ် လက်တင်မင်္ဂလာပေးပါသည်။ ယင်းနောက်တွင် သူကလည်း ကျွန်တော့်ကိုအဆိုပါ အသင်းတော်၏ သင်းအုပ်အဖြစ် လက်တင်မင်္ဂလာပေးပါသည်။ ထို့နောက် ကျွန်တော်တို့သည် ပေါင်မုန့်ကို ယူ၍ ကောင်းကြီးပေးပြီးလျှင် သူတို့နှင့် အတူမုန့်ကိုချိုးဖဲ့၍ စားကြပါသည်။ စပျစ်ရည်ကိုလည်းယူ၍၊ ကောင်းကြီးပေးပြီး လျှင် သူတို့နှင့်အတူသောက်ကြပါသည်။ ထို့နောက် တက်ရောက်လာသော အသင်းဝင်တို့ကို သန့်ရှင်းသောဝိညာဉ်တော်ဆုကျေးဇူးရရှိစေရန်နှင့် ခရစ်တော်၏အသင်းတော်တွင် အသင်းဝင်ဖြစ်ကြောင်း အတည်ပြုနိုင်ရန် တစ်ဦးစီပေါ်သို့လက်တင်၍ ဆုတောင်းပါသည်။ ကျွန်တော်တို့အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်အတိုင်း အဆကြီးမားစွာသက်ရောက်ရာ၊ အချို့က ဗျာဒိတ် ပေးဟောပြောကာ၊ ကျွန်ုပ်တို့အားလုံး ဘုရားသခင်ကို ချီးကျူးပြီး အကြီးအကျယ် ပျော်ရွှင်ဝမ်းမြောက်ကြပါသည်။

ကျွန်တော်တို့သည် အခြားညီအစ်ကို တချို့ကိုခေါ်ထုတ်ပြီး သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အားဖော်ပြချက်နှင့်အညီ အမှုတော်ဆောင် အဆင့်အမျိုးမျိုးတွင် လက်တင်၍ခန့်အပ်ပေးလိုက်ပါသည်။ ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျွန်တော်တို့အပေါ် ချပေးထားသည့် သန့်ရှင်းသောဝိညာဉ်တော်၏ခွန်အားနှင့် ကောင်းကြီးများကို ခံစားယင်း၊ သက်သေခံကြယင်း၊ ကျွန်တော်တို့အချိန်အတော်ကြာပျော်ရွှင်နေကြပြီး

နောက်၊ "ယေရှုခရစ်အသင်းတော်" တွင်တစ်ဦးချင်းစီအသင်းဝင်များဖြစ်ကြပြီဟူသော ကျေနပ်သည့်အသိစိတ်နှင့် ယင်းအသင်းတော်အတွက် ဘုရားသခင်ကို ကျေးဇူးတင်သောအသိစိတ်တို့ဖြင့် ကျွန်တော်တို့အစည်းအဝေးအဆုံးသတ်လိုက်ကြပါသည်။ ယေရှုခရစ်အသင်းတော်သည် ဤနောက်ပိုင်းကာလနေ့ရက်များတွင် ဘုရားသခင်က ကျွန်တော်တို့ကို အမိန့်ပေးပြီး ထုတ်ဖော်ပြောပြသည်နှင့် အညီဖွဲ့စည်းထားသည့်အပြင်၊ ဓမ္မသစ်ကျမ်းထဲတွင် မှတ်တမ်းတင်ထားသော အသင်းတော်၏နည်းစနစ်အရလည်း ဖွဲ့စည်းထားပါသည်။

ဤစာတမ်းသည် ယောသပ်စမစ်၏ ရိုးရိုးတိုက်ရိုက်သက်သေခံချက်ဖြစ်ရာ၊ ယေရှုခရစ်တော်၏ နောက်ပိုင်းကာလသူတော်စင်များ အသင်းတော် ဖွဲ့စည်းတည်ထောင်ခြင်းကိုဦးတိုက်လာသော အဖြစ်အပျက်များအနက်အချို့ကိုဖော်ပြထားပါသည်။

အသင်းတော်တည်ထောင်ပြီးနောက် များမကြာမီတွင်၊ သူနှင့်သူ၏နောက်လိုက်များသည် နယူးယောက်ပြည်နယ်မှ (ကလီဗီလင်မြို့အနီး) အိုဟိုင်ယိုးပြည်နယ်၊ ကပ်လင်မြို့သို့ပြောင်းရွှေ့သွားကြပါသည်။ ထိုနေရာတွင် လှပသောဘုရားရှိခိုးကျောင်းတစ်ကျောင်း တည်ဆောက်ပြီး၊ သာသနာပြုလုပ်ငန်းကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရာ၊ အသင်းတော်တွင်အသင်းသားဦးရေအတော်များများ တိုးပွားခဲ့ပါသည်။ အသစ်ထပ်မံဖွင့်လှစ်သော သာသနာပြုဒေသများအနက် မီဆော်ရီပြည်နယ်တွင်တစ်ခုပါဝင်ပါသည်။ အသင်းတော်၏ပင်မ အဖွဲ့အစည်းကိုနောက်ပိုင်းတွင် မီဆော်ရီသို့ပြောင်းရွှေ့သွားပါသည်။

ဤခေတ်အခါသည် ဘာသာရေးအရ သည်းမခံကြသော အချိန်ဖြစ်ပါသည်။ မကြာမီတွင် နောက်ပိုင်းကာလသူတော်စင်များအား ရန်လိုမှုများပေါ်ပေါက်လာပါသည်။ ယင်းတို့ကို လူအုပ်ကြီးများ ကဝိုင်းပယ်ခဲ့ကြပါသည်။ သူတို့သည် နေအိမ်များ၊ ကောင်းစွာထွန်ယက်စိုက်ပျိုးထားသောလယ်ယာများနှင့်ဘုရားရှိခိုးကျောင်းများကို စွန့်ထားပြီး ထွက်ခွာပြောင်းရွှေ့ခဲ့ကြရပါသည်။

သူတို့သည် အီလီနွိုက်ပြည်နယ်သို့သွားရောက်ကြရာ၊ ဒုက္ခရောက်နေချိန်တွင်၊ သူတို့ကို ထိုဒေသက ကြင်နာစွာလက်ခံ

ခဲ့ကြပါသည်။ မစ်စစ္စပီမြစ်ကမ်းတွင် ချောင်ကျသောနေရာ တစ်ခု၌၊ ကျယ်ဝန်းသော ရွှံ့နွံတောမြေတစ်ကွက်ကို သူတို့ဝယ်ယူခဲ့ကြပါသည်။ ဤရွှံ့နွံဒေသကို ရေနုတ်ပြီးနောက် အီလီနွိုက်ပြည်နယ်တွင် ထိုအချိန်က အကြီးဆုံးမြို့ကြီးဖြစ်သော လှပခြင်းဟု အဓိပ္ပါယ်ရသောနော်ဗူးမြို့ကိုတည်ခဲ့ပါသည်။ အမေရိကန် နိုင်ငံတွင်ရော အင်္ဂလန်နိုင်ငံတွင်ပါ သာသနာပြုလုပ်ငန်းများကြောင့် အသင်းသားဦးရေအကြီးအကျယ်တိုးပွားလာပြီး၊ သူတို့သည် နှစ်အတန်ငယ်ကြာအောင် ထွန်းကားတိုးတက်ခဲ့ပါသည်။

နော်ဗူး၏ငြိမ်းချမ်းမှုမှာ သက်တမ်းတိုခဲ့ပါသည်။ ဘာသာရေးအရခါးသီးသောသည်းမခံမှုများကြောင့် အနှောက်အယှက်နှင့်ဒုက္ခပေးမှုများထပ်မံပေါ်ပေါက်ခဲ့ပြန်ပါသည်။ ယောသပ်စမစ်နှင့်သူ၏အစ်ကို ဟိုင်ရမ်တို့သည် အီလီနွိုက်ပြည်နယ်၊ ကာသေ့မြို့တွင် မဟုတ်မမှန်သောစွဲချက်တစ်ခုဖြင့် ချုပ်နှောင်ခံရပါသည်။ ပြည်နယ်၏ ကာကွယ်မှုအောက်တွင် တရားစွဲဆိုမှုကိုရင်ဆိုင်ရန် စောင့်ဆိုင်းနေစဉ်၊ မျက်နှာများကို ဆေးခြယ်ထားသည့် လက်နက်ကိုင်လူအုပ်တစ်အုပ်က ၁၈၄၄ ခုနှစ် ဇွန်လ (၂၇)ရက်နေ့တွင် ပစ်သတ်သွားသည်ကို သူတို့ခံလိုက်ရပါသည်။

ဘရစ်ဟမ်ယန်းက အသင်းတော်၏ခေါင်းဆောင်ရာထူးကို ဆက်ခံခဲ့ပါသည်။ သူ၏လမ်းညွှန်မှုဖြင့် နောက်ပိုင်းကာလသူတော်စင်များသည် အီလီနွိုက်ပြည်နယ်မှထွက်ခွာလာပြီး၊ သူတို့၏ သမိုင်းဝင်ပြောင်းရွှေ့မှုအနေဖြင့် ရော့ကီးတောင်တန်းဒေသသို့ ရောက်ရှိလာပါသည်။ ရှန်းကန်မှုနှင့်ယုံကြည်မှုတို့နှင့်အတူ၊ ယင်းတို့သည် ထိုနေရာတွင် အရေအတွက်များပြား ကြွယ်ဝသော သူများဖြစ်လာပါတော့သည်။

နိုင်ငံများစွာရှိ လူသိန်းပေါင်းများစွာတို့က ယခုအခါတွင် ယောသပ်စမစ်ကို ဘုရားသခင်၏ပရောဖက်တစ်ပါးအဖြစ် သတိရလျက်ရှိပါသည်။ သူ၏ သက်သေခံချက်ကိုလက်ခံသူများ၏ မှန်ပြတ်ကောင်းမွန်မှုများနှင့်အောင်မြင်ထွန်း ပေါက်မှုများသည် သူ၏မြင့်မြတ်သော ဖိတ်ခေါ်မှုအတွက် ကျောက်တိုင် ပမာရပ်တည်ပေးလျက်ရှိပါသည်။ သူလက်ခံရရှိသော

ဗျာဒိတ်များ၊ သူသင်ကြားပေးခဲ့သောမှန်မြတ်သည့်အမှန်တရားများနှင့် သူမှတစ်ဆင့် ပြန်လည်ချပေးထားသော လွှဲအပ်သော အခွင့်အာဏာတော်များပေါ်တွင် ယေရှုခရစ်တော်၏ နောက်ပိုင်းကာလ သူတော်စင်များအသင်းတော်က အခြေခံအုတ်မြစ်ချထားခြင်းဖြစ်ပါသည်။

(ယောသပ်စမစ်၏သမိုင်းကြောင်း ၁း၃-၇၅ နှင့် ယေရှုခရစ်တော်၏ နောက်ပိုင်းကာလသူတော်စင်များ အသင်းတော်သမိုင်းကြောင်း (ဆော့လိတ်စီးတီးမြို့၊ ဒက်စီရက် စာပေထုတ်ဝေရေး ကုမ္ပဏီ၊ ၁၉၆၅)၊ ၁း၂-၇၉ တို့မှ ကောက်နှုတ်ဖော်ပြခြင်းဖြစ်ပါသည်။ )

## လာရောက်လည်ပတ်ရန်မေတ္တာရပ်ခံချက်။

ယေရှုခရစ်တော်၏ နောက်ပိုင်းကာလသူတော်စင်များ အသင်းတော် အကြောင်းနှင့် ဤအသင်းတော်က ကျွန်တော်၏ဘဝတွင် ကျေ နပ်မှုပိုမိုရရှိအောင်ကူညီနိုင် သောနည်းလမ်းများအကြောင်း ကျွန်တော် ကျွန်မတို့ပို၍သိရှိလိုပါသည်။ အသင်းတော်နှင့် အ သင်းတော်၏သင်ကြားမှုသဘောတရားများကို ကျွန်တော် ကျွန် မတို့နှင့်ဆွေးနွေးရန်၊ ကျွန်ုပ်တို့ထံအသင်းတော်၏ ကိုယ်စားလှယ်များကို စေလွှတ်ပေးစေလိုပါသည်။

ဤမေတ္တာရပ်ခံချက်ကို အောက်ပါလိပ်စာသို့ပေးပို့ပါရန်။

**The Church of Jesus Christ of Latter-day Saints**

**Missionary Department 3WW**

**50 East North Temple**

**Salt Lake City, Utah 84150.**

အမည်

လိပ်စာ

ထင်မြင်ယူဆချက်

ယေရှုခရစ်တော်၏
နောက်ပိုင်းကာလသူတော်စင်များ
အသင်းတော်

32667 256
**Burmese**

BURMESE
4 02326 67256 3
32667 256